


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ဆရာ့အပြောနဲ့ ခန္ဓာ့အဟော ကိုက်အောင်လုပ်ပါ

(၁၅၁)

ဟောကြားသည့်နေ့
၁ - ၁ - ၅၉

HITSARPARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဆရာ့အပြောနဲ့ခန္ဓာ့အဟော
# ကိုက်အောင်လုပ်ပါ

ဟောကြားသောနေ့ (၁-၁-၅၉)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# ဆရာ့အပြောနဲ့ ခန္ဓာ့အဟော ကိုက်အောင်လုပ်ပါ

ဟောကြားသောနေ့ - ( ၁-၁-၅၉ )

ဒု က-စက်ဆုပ်စရာ၊ ခ က-အသုံးမကျတာ၊ သစ္စာက-အမှန်လို့ပြောထားတယ်၊ ပေါင်းခေါ် လိုက်တဲ့အခါကျလို့ရှိရင် ဖြင့် စက်ဆုပ်စရာ၊ အသုံးမကျတာအမှန်လို့ မှတ်ထားလိုက်ပေါ့ . . . (မှန်ပါ့)။

## ဒုက္ခသစ္စာဆိုတာ

ပေါင်းခေါ် ရင် ဘယ့်နှယ်ခေါ်ကြမတုံး. . . (စက်ဆုပ်စရာ၊ အသုံးမကျတာအမှန်ပါ)။ အဲ- ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ နားလည်နေတာနဲ့ ကိုယ့်ဖာသာနဲ့ကိုယ် နားလည်တာနဲ့ ဘယ်ဟာက ပိုရှင်းတယ်ဆိုတာ ပေါ်လာကြပါလိမ့်မယ်. . . (မှန်ပါ့)။

ဘယ်ဟာက ပိုရှင်းတုံး. . . (ကိုယ့်ဖာသာနဲ့ ပိုရှင်းပါတယ်)။ ကိုယ့်ဖာသာနဲ့ ကိုယ် နားလည်တာက ပိုရှင်းတယ်။ ကိုယ့်ဖာသာနဲ့ကိုယ်နားလည်တော့ ဒကာ ဒကာမတွေကျတော့ ကိုး၊ ကိုယ့်ဟာကို ကိုယ့်ဉာဏ်နဲ့ကိုယ်ကြည့်ပြီး ကိုယ့်ဖြစ်စဉ်နဲ့ ကိုယ် ကိုက်ကြည့်လိုက်တဲ့အခါကျတော့ကို ချက်ချင်းပဲ မလိုချင်တဲ့ဉာဏ်ပေါ်လာတယ်. . . (မှန်ပါ့)။

နာမည်ကြားတာနဲ့ မလိုချင်တာ ပေါ်လာတယ်။ နဂိုက ဒီဉာဏ်နဲ့ကို မကြားဖူးကြဘူး။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက . . . (မကြားဖူးပါဘူးဘုရား)။

ဒုက္ခသစ္စာ ကြားဖူးလား. . . (မကြားဖူးပါဘူးဘုရား)၊ ခုပြောခဲ့တဲ့ ကိုယ့်ဖာသာနဲ့ မကြားဖူးဘူး၊ ခုတော့ ကိုယ့်ဖာသာနဲ့ ကြားဖူးကြပြီနော်၊ ဘယ်လိုများ ကြားဖူးကြလဲ. . . (စက်ဆုပ်စရာ၊ အသုံးမကျတာအမှန်ပါဘုရား)။

## ပင်ကိုအရင်းကို သိထားလို့

ဒါ ကိုယ့်ဖာသာနဲ့ကြားလုံး၊ ကိုယ့်ဖာသာနဲ့ကြားတော့ ဒီ ခန္ဓာကြီးသည် စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်လို့ သိထားတော့ကိုး၊ စောစောစီးစီးက ဟိုဘဝသိခဲ့လို့ရှိရင်လည်း ဒီ စက်ဆုပ်စရာ၊ အသုံးမကျတာ ယခု ခန္ဓာကြီး ယူကြမယ် မဟုတ်ပါဘူး. . . (မယူပါဘူး)၊ ယူကြပါ့မလား . . . (မယူပါဘူးဘုရား)။

ယျှဘဝပြီးရင် နောက်ဘဝ ယူပါဦးမလား. . . (မယူကြပါဘူးဘုရား) မယူကြတော့ဘူး၊ အဲ့ဒါ ဘာဖြစ်လို့ မယူကြသတုံးလို့မေးတော့ ပင်ကို အရင်းကိုသိထားလို့ မဆိုထိုက်ဖူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

## ပင်ကိုအရင်းကို ပါဠိဘာသာကလာဖုံးတယ်

ပင်ကို အရင်းကိုသိထားလို့ပါတဲ့၊ ပင်ကိုအရင်းက နဂိုကတော့ ပါဠိဘာသာ လာဖုံးပြီးသကာလ ကိုယ့်အမှတ်နဲ့ဟာ ပါဠိဘာသာနဲ့ဖုံးလိုက်တာ မြန်မာလို နာလည်မှု ဦးခင်မောင် ပျောက်သွားတယ်. . . (မှန်လှပါ)၊ ကိုမြစိန်တို့ ပျောက်သွားတယ်။

ပျောက်ဘူးလား. . . (ပျောက်ပါတယ်ဘုရား)၊ ဘာပျောက်သွားသတုံး. . . (ကိုယ့်ဟာနဲ့ကိုယ် နားလည်မှု ပျောက်သွားပါတယ်)၊ ကိုယ့်ဖာသာနဲ့ကိုယ် နားလည်မှုပျောက်ပြီး သကာလ သွားတော့ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပဲဆိုတာကြီး ပျောက်သွားတော့ကိုး ဒကာဒကာမတွေသည် ဒါကြီးဟာက ဒုက္ခသစ္စာကြီးလို့သာ သိပြီးသကာလ နေတော့ ဒုက္ခသစ္စာကြီးလို့သိရင် ဒုက္ခသစ္စာကြီး ပင်ကိုသဘောဖြစ်တဲ့ အနက်သဘောတွေ ဖြစ်စဉ်သဘောတွေ ဦးဘတင်တို့ သိသေးရဲ့လား . . . (မသိပါဘူးဘုရား)။

## သမ္မုတိသစ္စာကလည်းဖုံးတယ်

မသိကြဘူး မသိကြတော့ ဒီဒကာ ဒကာမတွေ ဘာဖြစ်လာတုံး ဆိုလို့ရှိရင်ဖြင့် လူဆိုတာ သမ္မုတိသစ္စာက ဖုံးသွားတာကတစ်မျိုး၊ မနေ့ကပြောတဲ့ အမေမိဘက ချစ်ခင်လို့ မှည့်ထားတဲ့ နာမည်ကကော. . . (ဖုံးပါတယ်ဘုရား)။

ဒီတော့ စက်ဆုပ်စရာ အသုံးမကျတာကြီး လာလာ ဖုံးတာပဲ . . . (မှန်ပါ့) သဘောကျကြလား . . . (ကျပါတယ် ဘုရား) ဘာလာဖုံးတုံး. . . (စက်ဆုပ်စရာ၊ အသုံးမကျတာကြီး လာလာဖုံးပါတယ်ဘုရား)။

ပြီးတော့. . . ကိုကို မမ ဆိုတဲ့သဘောတွေကကော (ဖုံးပါတယ်ဘုရား)၊ ဒါတွေကော ဘာပျောက်သွားသတုံး (သစ္စာ ပျောက်သွားပါတယ်ဘုရား)၊ ပင်ကို နှစ်လုံးပျောက်. . . (မှန်လှပါ)၊ ပင်ကို အရှိပျောက်၊ ဒီလို မနေကြဘူးလား။

အဲဒါသည် ဒုက္ခသစ္စာဟာ ကိုယ့်ဖာသာနဲ့ကိုယ် နားလည်ပါလို့ ဘုန်းကြီးကပြောတယ်. . . (မှန်ပါ့)၊ ကိုယ့်ဖာ သာကိုယ် နားလည်ထားလို့ရှိရင်ဖြင့် ဒီ ဒကာ ဒကာမတွေဟာ ဘယ်နည်းနဲ့မှ ဘဝတဏှာမလာတော့ဘူး၊ ရှင်းပလား. . . (ရှင်း ပါပြီဘုရား)။

ဘာမလာတာတုံး. . . (ဘဝတဏှာ မလာတာပါ ဘုရား)၊ ဘဝတဏှာ မလာတော့ဘူး၊ ဘဝတဏှာ မလာတော့ ဘူးဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဘဝတဏှာဆိုတာ

ဘဝတဏှာ ဆိုတာက ကိုယ့်ခန္ဓာ ကိုယ့်ဘဝကို ကိုယ် ခင်တွယ်တဲ့တဏှာ၊ ကိုယ့်နာမည်က အရင်းမသိလို့ လာတဲ့ တဏှာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာမသိလို့လာတာတုံး. . . (ကိုယ့်နာမည် အရင်းမသိ လို့ပါဘုရား)၊ ကိုယ့်နာမည် အရင်း ကိုယ်မသိလို့ လာကြတာ ဒကာ ဒကာမတွေ အသေအချာမှတ်စမ်းပါ။

ကိုယ့်နာမည် အရင်းကိုသိပါ။ သေသေချာချာသိပါ။ ခရေစေ့တွင်းကျ သိလာပြီဆိုမှဖြင့် ဦးခင်မောင်ကိုယ်တိုင်ပဲ ဒီ နာမည်နဲ့ ဒီအဖြစ်တော့ မရချင်ပါဘူးဘုရားဆိုတာ လာမှာပဲ . . . (မှန်ပါ့)၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒီ နာမည်နဲ့ ဒီအဖြစ် ဘယ့်နှယ့်နေကြတုံး. . . (မလို ချင်ပါဘုရား)၊ ရှင်းကြလား. . . (မှန်ပါ့)၊ ဒါဖြင့် ဒီနာမည်နဲ့ ဒီအဖြစ်ကို ယနေ့ ဒကာ ဒကာမတွေ ရှင်းပြမယ်တဲ့။

## အပုံးသုံးချက်

အဲတော့ မနေ့ကပြောခဲ့တာလေးလည်း ပြန်မှတ်လိုက် ပါဦး၊ မနေ့ကပြောခဲ့တာက (၁) သမုတိသစ္စာကြောင့်လည်း ဒုက္ခသစ္စာပျောက်တယ်. . . (မှန်ပါ့)၊ သဘောကျပလား။

(၂) အမေ၊ အဖေ ချစ်ခင်တဲ့နာမည်ကြောင့်လည်း (ဒုက္ခသစ္စာ ပျောက်ပါတယ်ဘုရား)၊ (၃) အလုပ်ဂုဏ်၊ ပစ္စည်းဂုဏ် ဝိုင်းမြှောက်လိုက်တာနဲ့ကော. . . (ဒုက္ခသစ္စာ ပျောက်ပါတယ်ဘုရား)။

အဲဒီ သုံးချက်ဖုံးနေတဲ့အတွက် ဒုက္ခသစ္စာ ပျောက်တယ်လို့ပြောတယ်။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘာပျောက်တုံး. . . (ဒုက္ခသစ္စာပျောက်ပါတယ်ဘုရား)။

ဒုက္ခသစ္စာဖုံးနေတာ ဘယ်နှစ်ချက်ပါတုံး. . . (သုံးချက်ပါဘုရား)၊ သုံးချက်မှတ်ထားစမ်းပါတဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေနော်၊ အဲတော့ကိုး ဘုရားက ဟောထားတာက သစ္စာမသိရင် သံသရာရှည်မယ်. . . (မှန်ပါ့)၊ ဟောထားတာ သဘောကျကြလား. . . (ကျပါတယ်ဘုရား)။

သစ္စာမသိရင်. . . (သံသရာရှည်ပါတယ်ဘုရား)၊ ဒကာ ဒကာမတွေက ဖုံးထားလိုက်တော့ အဖုံးသုံးချက်ကြောင့် တစ်ခါတည်း အပျောက်ကြီးပျောက်သွားတာကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

စက်ဆုပ်စရာ၊ အသုံးမကျတာအမှန် ခန္ဓာကိုယ် ဒေါ်ရီတို့ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ စက်ဆုပ်စရာ အသုံးမကျတာ အမှန်၊ အဲဒါဘာဖြစ်သွားသတုံးလို့မေးတော့ ပျောက်ထွက်သွားတယ်၊ မပျောက်ဘူးလား. . . (ပျောက်ပါ

## မသိတဲ့တရားနဲ့ ပျောက်တဲ့တရား

ဒါဖြင့် မသိတဲ့တရားနဲ့ ပျောက်တဲ့တရား သတ္တဝါမှာ ဘယ်သူက ပိုမိုနစ်နာစေသလဲ. . . (ပျောက်တာတွေက နစ်နာစေပါတယ်ဘုရား)၊ ပျောက်တဲ့တရားက နစ်နာစေတယ်ဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီ့ သံသရာထဲမှာ သေခဲ့တာ မသိလို့ သေခဲ့တာလား၊ ပျောက်ကိုနေလို့ သေခဲ့တာလား. . . (ပျောက်ကိုနေလို့ သေခဲ့တာပါဘုရား)။

အံ့မလေး၊ အတော်ကြောက်စရာကောင်းပါလား၊ ပေါ်ကြပလား၊ ဦးမောင်နက်တို့ ပေါ်ပလား၊ မသိလို့ ရှည်တာလား ပျောက်နေလို့ကို ရှည်တာလား. . . (ပျောက်နေလို့ကို ရှည်တာပါဘုရား)။

ကဲ-ရှည်သင့် မရှည်သင့်. . . (ရှည်သင့်ပါတယ်ဘုရား)၊ ဩော်. . . ဒီတစ်ခါဖြင့် ဆရာကောင်း၊ သမားကောင်းလည်း တွေ့တဲ့အခါကျတော့ ပျောက်လည်း မပျောက်စေကြပါနဲ့လို့ သတိပေးလိုက်တယ်။

## ရှိလျက်နဲ့ ပျောက်နေတယ်

ရှိတာပျောက်နေတာနော်. . . (မှန်ပါ့)၊ ရှိလျက်နဲ့ ပျောက်နေတယ်၊ မရှိလို့ပျောက်တာလား၊ ရှိလျက်နဲ့ ပျောက်တာလား. . . (ရှိလျက်နဲ့ပျောက်တာပါဘုရား)။

ရှိလျက်နဲ့ပျောက်ပြီးသကာလနေတာကို သေသေချာချာသတိထားပါ။ ကောင်းပြီ၊ ဒု တစ်စိတ်၊ ခ တစ်စိတ်၊ သစ္စာ တစ်စိတ်ပေါင်းလိုက်တော့ ဒုက္ခသစ္စာ။

ဒုက . . . (စက်ဆုပ်စရာ) ခက. . . (အသုံးမကျတာ)၊ သစ္စာက. . . (အမှန်ပါဘုရား)၊ ပေါင်းတော့. . . (စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်)။

အဲဒါဟာ ခု ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်မှာ အစစ်ဒါပဲရှိတာပဲ။ အစစ် ဒါပဲ ရှိတယ်။ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ အစစ်က ဒါပဲနော်။

ရှိလျက်နဲ့ ဒါမတွေ့ရင် ပျောက်သွားလိမ့်မယ်၊ ဒါပျောက်ရင် ဦးခင်မောင်တို့ ကျွမ်းထိုးမှောက်ခုံသွားလိမ့်မယ် . . . (မှန်ပါ့)။

ကဲ- မောင်သစ်တို့ ကျေနပ်ပလား. . . (မှန်ပါ့)၊ နောက်က ဒကာ ဒကာမတွေကော ကျေနပ်ကျပလား. . . (ကျေနပ်ပါတယ်ဘုရား)၊ ဘာပျောက်သွားတာတုံးလို့ ဆိုလို့ရှိရင် နာမည်နဲ့တကွ အထည်ပါ ဉာဏ်နဲ့ မယှဉ်လာတော့ဘူး၊ ပျောက်ထွက်သွားတယ်၊ သဘောကျတယ်နော်. . . (မှန်ပါ့)။

## ဒုက္ခသစ္စာကြီး ပျောက်သွားတယ်

ကောင်းပြီ၊ ဒါဖြင့် စက်ဆုပ်စရာ အသုံးမကျတာ အမှန်

ကို၊ ဒကာ ဒကာမတွေ တစ်သံသရာလုံး ဖျောက်ပစ်ခဲ့တဲ့ အတွက်၊ ကိုယ့်ခန္ဓာကြီးကို လူခန္ဓာဆိုလို့ရှိရင်လည်း လူနဲ့တူမှု၊ နတ်ခန္ဓာဆိုလို့ရှိရင်လည်း နတ်ချမ်းသာမှု၊ ဗြဟ္မာခန္ဓာဆိုရင် ဗြဟ္မာချမ်းသာမှု တစ်ခါတည်း ဒုက္ခသစ္စာ ပျောက်ထွက်သွားတယ်။

မပျောက်ကြဘူးလား. . . (ပျောက်ပါတယ်ဘုရား)၊ ပျောက်တဲ့အခါကျတော့ လူ့ဘဝရရင် ကောင်းလေစွဆိုတဲ့ ဘဝတဏှာကြီးက လာမယ်၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

နောက်ဘဝရ ကောင်းလေစွ၊ ဘဝတဏှာ. . . (လာပါတယ်ဘုရား)၊ ဗြဟ္မာဘဝရောက် ကောင်းလေစွ ဘဝတဏှာ . . . (လာပါတယ်ဘုရား)။

## ဘာပျောက်လို့ ဘဝတဏှာလာတာတုံး

ကိုင်း. . . ဘာပျောက်လို့ ဒီ တဏှာလာတာတုံးသာ အကဲခတ်တော့ ဒုက္ခသစ္စာ ပျောက်နေတယ်၊ ဟုတ်လား။ ဒုက္ခသစ္စာပျောက်သွားလို့ဘဝတဏှာက ပေးဝင်တာပေါ့. . . (မှန်ပါ့)။

ဦးမောင်နက်တို့ မင်းတို့ တိုးနိုင်ပါ့မလား. . . (မတိုးနိုင်ပါဘူး)၊ မတိုးနိုင်ပါဘူး၊ သဘောကျကြပလား. . . (ကျပါတယ်

ဘုရား)၊ ဘဝတဏှာ တိုးလာတာသည် သူဘာလို့ တိုးတက်ကျယ်လာတုံးဆိုတော့ သစ္စာပျောက်လို့ တိုးတက်လာတာ။

သစ္စာမပျောက်ရင် သူ တိုးတက်စရာရှိသေးလား. . . (မရှိပါဘူး)၊ ဪ. . . သစ္စာပျောက်သွားလို့ရှိရင်ဖြင့်တဲ့ ဘဝတဏှာဆိုတဲ့ သမုဒယသစ္စာက ထင်သလို ချယ်လှယ်တာပဲလို့ မှတ်၊ သစ္စာမပျောက်ရင် မချယ်လှယ်နိုင်ဘူးတဲ့ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သစ္စာ မပျောက်ရင်. . . (မချယ်လှယ်နိုင်ပါဘူးဘုရား) ဒီတော့သစ္စာပျောက်သွားတော့ ဘယ့်နှယ်နေတုံး. . . (ချယ်လှယ်ပါတယ်ဘုရား)။

ချယ်လှယ်တော့ကို ခုကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်စဉ်းစားလိုက် ဒီဒကာဒကာမတွေ ခုလိုသစ္စာကို ခုဘုန်းကြီး မဟောသေးပါဘူး နာမည်ပဲတပ်တုန်းရှိပါသေးတယ် (မှန်ပါ့)။

## သစ္စာကိုမဟောသေးဘူး

နာမည်ပဲ တပ်တုန်းရှိပါသေးတယ် မဟောသေးပါဘူး ခုနာမည်အရင်းလေးကို ခင်ဗျားတို့ နဂိုကပျောက်နေလို့ ဖော်တုန်းရှိပါသေးတယ်၊ ဆိုးပုံဝါးပုံတွေကို မဟောသေးပါဘူး၊ ဆိုးပုံဝါးပုံ ပင်ကိုသဘောကို မပေါ်ကို မပေါ်သေးဘူး၊ ပြောကိုးမပြောရသေးဘူးဖြစ်နေတယ်။

အဲဒါနဲ့တောင်မှ နာမည်ရင်းသိတာနဲ့တောင်မှ၊ ဒီ ဉာဏ် အမြင်မျိုးနဲ့ ဒီအဖြစ် ကြုံချင်သေးသလားလို့ ဒီ ဒကာ ဒကာမ တွေ အကုန်ပဲမေးတယ်၊ စက်ဆုပ်စရာ၊ အသုံးမကျတာအမှန် ဆိုတဲ့ နာမည်နဲ့ ဘာဖြစ်ချင်ကြတုံး. . . (ဘာမှမဖြစ်ချင်ပါ ဘုရား)။

## နတ်ဆိုင်းဘုတ်ဆွဲချင်သေးလား

စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်ဆိုတဲ့နာမည်နဲ့ ကဲ နတ်ဆိုင်းဘုတ်ဆွဲချင်သေးသလား မေးတော့ကော. . . (မဆွဲချင်ပါဘုရား)။

ဗြဟ္မာဆိုင်းဘုတ်. . . (မဆွဲချင်ပါဘူးဘုရား)၊ ဩော် လူဆိုင်းဘုတ်. . . (မဆွဲချင်ပါဘူးဘုရား)၊ စကြဝတေးမာရ်နတ် ဆိုင်းဘုတ်. . . (မဆွဲချင်ပါဘူးဘုရား)။

ဘာပြုလို့မဆွဲချင်ပါတုံးဆိုတော့ ဩော်. . . တပည့် တော်တို့ သူ့နာမည်အရင်း သိပြီဘုရား. . . (မှန်ပါ့)၊ နာမည် အရင်းသိတာနဲ့ ဘဝတဏှာက ကွယ်နေပြီ၊ သစ္စာ မပိုင်းခြားရ သေးပါဘူးလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

သစ္စာမပိုင်းခြားရသေးပဲနဲ့ ခု တရားဆိုတဲ့ ဆိုသလို ခု စပြီး နာတာနဲ့ပဲ ဩော်. . . ဒီနာမည်နဲ့ ဒီအဖြစ်တော့ ဘုရား မရချင်ပါဘူးဆိုတာ လူတိုင်း ဉာဏ်ထဲမှာ လာမယ်. . . (မှန် ပါ့)၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဒီနာမည်နဲ့ ဒီအဖြစ် ဘယ်သူကြိုက်သတုံး. . . (မကြိုက်ပါဘူးဘုရား)၊ ဘာပြုလို့ မကြိုက်တုံးဆိုတော့ ဒါ သစ္စာသိသွားတာနဲ့ သစ္စာကို ဒါ ထိုးထွင်းဉာဏ်နဲ့သိပါသလား။

သူ့ သစ္စာ၏ ပင်ကိုသဘောနာမည်ဆိုသလောက် သိသေးတာလားလို့ မေးကြည့်လိုက် ခင်ဗျားတို့. . . (နာမည်ဆိုသလောက်သိသေးတာပါဘုရား)၊ နာမည်လေးလောက်ပဲ သိသေးတယ်. . . (မှန်ပါ့)။

ဒါတောင် ဘဝတဏှာက ဘယ့်နှယ်နေတုံး. . . (ပြတ်ပါတယ်ဘုရား)၊ သစ္စာသိမှ သံသရာပြတ်တယ်ဆိုတော့ အဲတော့ ဘဝတဏှာက ဒီဘက်က ထားလိုက်စမ်းပါဦး၊ ဘဝတဏှာ ဒီဘက်က ထားလိုက်တော့၊ ဘဝတဏှာက ခု ဒကာဒကာမတွေ ဒုက္ခသစ္စာဆိုတာကိုး စက်ဆုပ်စရာ အသုံးမကျတာအမှန်လို့လည်း ဘယ်အခါမဆို ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ဘယ်ခန္ဓာ ရချင်သေးသတုံး

ဒါဖြင့် ဘယ်ခန္ဓာကိုရချင်၊ သုံးသပ်ချင်သေးသတုံးလို့မေးလိုက်မယ်. . . (ဘယ်ခန္ဓာမှ မရချင်ပါဘုရား)။

ဒါဖြင့် ဒီတဏှာသေတယ်၊ မသေဘူးလား. . . (သေပါတယ်ဘုရား)၊ ဒီ တဏှာသေရင် သူ့နောက်က တဏှာပစ္စယာ

ဥပါဒါန်ကကော. . . (သေပါတယ်ဘုရား)၊ သေရမယ်၊ သဘောကျပလား. . . (မှန်ပါ့)။

ဥပါဒါနပစ္စယာ ကမ္မဘဝေါ်ဆိုတော့ ကာယကံ၊ ဝစီကံ ရောက်ကြောင်းကံတွေ ဘယ့်နှယ်နေတုံး. . . (သေပါတယ် ဘုရား)။ နောက်ကြောင်းကံတွေ သေရမယ်မဟုတ်လား. . . (မှန်ပါ့)၊ ကျေနပ်ကြရဲ့လား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဟာ ထိုးထွင်းသိမဟုတ်ဘူးတဲ့. . . (မှန်ပါ့)၊ ထိုးထွင်း သိ မဟုတ်ပဲနဲ့ သေသွားတာ. . . (မှန်ပါ့)၊ သစ္စာသိတာနဲ့သေ သွားတာ သစ္စာနာမည်နဲ့ ပြော်. . . အတော်ဆိုးပါလား၊ ဒီတစ် လုံးနဲ့ပဲ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေ သေသွားတာ မသေဘူးလား . . . (သေပါတယ်ဘုရား)။

တကယ်တမ်း ထိုးထွင်းသိမယ်ဆိုရင်ဖြင့် ဒကာ ဒကာမ တို့ ချက်ချင်း အရိယာဖြစ်မယ်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## သစ္စာသိတာနဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်

သူ နာမည်သိတာနဲ့တောင် ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက် သွားတယ်၊ တဏှာမချုပ်ဘူးလား၊ ဒီဘက်က. . (ချုပ်ပါတယ်)၊ ဘဝတဏှာချုပ်တယ်၊ တဏှာချုပ်တော့ သူ့နောက်က လိုက်တဲ့ ဥပါဒါန်က. . . (ချုပ်ပါတယ်ဘုရား)။

ဥပါဒါန်က ချုပ်တော့ ကမ္မဘဝဆိုတဲ့ ကံတွေက. . . (ချုပ်ပါတယ်ဘုရား)၊ ကံတွေ မရှိတော့ ဒီဘက်က ဇာတိ၊ ဇရာ၊ မရဏတွေက လာဦးမလား. . . (မလာတော့ပါဘူးဘုရား)။

ကြည့်စမ်း ဒကာ ဒကာမတို့ ခု တရားနာရတဲ့သဘော လေး မကြာသေးပါဘူးတဲ့၊ မနေ့က တစ်နာရီ၊ ဒီနေ့ တစ်ဆယ့် ငါးမိနစ် ထားပါဦးတဲ့နော်. . . (မှန်ပါ)။

ဒါနဲ့တောင် ခင်ဗျားတို့ဘဝပြတ်နေပြီဗျ၊ နောက်ဒုက္ခ ပြတ်နေပြီ. . . (မှန်ပါ့)၊ မပြတ်ဘူးလား. . . (ပြတ်ပါတယ် ဘုရား)၊ သဘောပါကြပလား. . . (ပါ ပါတယ်ဘုရား)။

ဘယ်လောက် ဒီဘုရားဟာ သစ္စာဟောမှ ဘယ်သူဖြစ် ဖြစ် ကျွတ်တမ်းဝင်တယ်၊ သစ္စာမဟောဘဲနဲ့ ဘယ်သူမှ ကျွတ် တမ်းမဝင်ဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သစ္စာဦးတိုက် ပြီးမှဝင်တာ၊ ရှင်းပလား. . . (ရှင်းပါပြီ)။

သစ္စာမပါရင်. . . (မဝင်ပါဘူးဘုရား)၊ မဝင်ဘူးဆိုတာ အသေအချာမှတ်ပါ၊ ကဲ သဘောကျပလား မောင်မြစိန်တို့ . . . (သဘောကျပါတယ်ဘုရား)၊ အဲ ဦးမောင်နက်တို့ကော. .

## နာမည်သိလိုက်တာနဲ့ တဏှာသေတယ်

ဒါဖြင့် နာမည်လေးသိလိုက်တာနဲ့ ဘာသေသွား. . . (တဏှာသေသွားပါတယ်ဘုရား)၊ တဏှာသေတော့ သူ့နောက်

က လိုက်တဲ့ ဥပါဒါန်ကော. . . (သေပါတယ်ဘုရား)၊ ဥပါဒါန် သေတော့ နောက် အားထုတ်လတ္တံ့ကံတွေကော. . . (သေပါ တယ်ဘုရား)။

ကဲ- အဟုတ် ထိုးထွင်းသိပလားလို့မေးလိုက်တယ်. . . (မသိသေးပါဘူးဘုရား)၊ မသိသေးပါဘူး၊ ကိုယ်အရုပ်ဆိုးတာ လေး၊ ကိုယ်သဘောမကျတာလေးရှိပါသေးတယ်၊ တကယ် အရုပ်ဆိုးတာကို မှန်ထောင်မကြည့်ရသေးပါဘူး. . . (မှန်ပါ့)။

## တရား မနာရင် သောတာပန် မတည်ဘူး

သူများပြောသံကြားနဲ့ အရုပ်ဆိုးတာ သိတာနဲ့ပဲ. . . (တင်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ အဲ့ဒါကြောင့် တရား မနာရင် သောတာပန် မတည်ဘူးဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါတယ်ဘုရား)။

တရားနာတော့ ကိုယ် အရုပ်ဆိုးတာ ကိုယ်သိတယ်၊ နောက် ကိုယ် ကိုယ်တိုင် ကိုယ့်ခန္ဓာမှန်နဲ့ ယူကြည့်လိုက်တဲ့အခါ ကျတော့မှအဖြစ်ကိုသိတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## နာသိနဲ့ ဉာဏ်သိပါမှ သောတာပန်တည်မယ်

တရားနာတော့ နားကသိတယ်၊ ကိုယ်ကိုယ်တိုင် ဝိပဿနာရှုတဲ့အခါကျတော့ ဉာဏ်ကသိတယ်၊ အဲဒီ နာသိ၊

ဉာဏ်သိနှစ်ခုမပါရင် ဘယ်သူမှ သောတာပန်မတည်ဘူးလို့ မှတ်. . . (မှန်လှပါ)၊ ဦးသာဒင် ဒါ အသေအချာမှတ်စမ်း. . . (မှန်ပါ့)။

တရားနာမှုနဲ့ တရားအားထုတ်မှုမရှိရင် မရဘူးတဲ့၊ သောတာပန်စခန်း မည်သူမှ မတက်လှမ်းနိုင်ဘူးတဲ့. . . (မှန်ပါ့)၊ ကဲ ကိုမြစိန်တို့ ဦးမောင်နက်တို့ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဩော်. . . ဒါ လိုရင်းတရားပါလားဆိုတာ ဦးခင်မောင်တို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)၊ ကဲ-မောင်သစ်တို့ ဘယ်လိုဆုံးဖြတ်ချက်ချမတုံး. . . (လိုရင်းတရားပါဘုရား)၊ လိုရင်းတရားပဲဟုတ်လား. . . (မှန်ပါ့)။

ဒါက ဘယ်တရားကို နာခဲ့နာခဲ့ နာရင်ကောင်းတယ်၊ သို့သော် လမ်းမဆုံးသေးဘူးလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်တရား နာခဲ့နာခဲ့ သူမပါသေးရင်. . . (လမ်းမဆုံးသေးပါဘူးဘုရား)၊ လမ်းမဆုံးသေးဘူး၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## လမ်းဆုံးတရားက သစ္စာတရား

ဒါဖြင့် လမ်းဆုံးတရားသည် ဘယ်သူတုံးဆိုရင် သစ္စာ

တရား. . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ လမ်းဆုံးတရား ကတော့. . . (သစ္စာတရားပါဘုရား)၊ သစ္စာတရားတဲ့၊ သစ္စာ တရား။

ကိုင်း- ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်နာမည်အရင်း သိလိုက်တာ ဘဝတဏှာတော့ဖြင့် သေသွားပြီ၊ တဏှာသေ တော့ ဥပါဒါန် ချုပ်၊ ဥပါဒါန်ချုပ်တော့ ကံချုပ်ပြီဆိုတာ နာမ္မပဲ၊ ချုပ်တာရှိသေးတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာနဲ့ချုပ်တုံး. . . (နာမ္မနဲ့ချုပ်တာပဲရှိပါသေးတယ် ဘုရား)၊ ကိုယ့်ခန္ဓာ မှန်လုပ်ပြီးသကာလ ကိုယ့်မျက်နှာ ကိုယ် ပြန်ကြည့်ရလိမ့်ဦးမယ်. . . (မှန်ပါ့)၊ မကြည့်ရပေဘူးလား. . . (ကြည့်ရပါတယ်)။

ကြည့်လိုက်တဲ့အခါကျတော့မှ ဒီနေ့ ကြည့်နည်းပြော တော့မယ်တဲ့၊ မနေ့က နာမည်ကို စပ်ပြောတာ. . . (တင်ပ့ါ)၊ ဒီနေ့ ဘာပြောမယ်ထင်တုံး. . . (ကြည့်နည်းပြောမှာပါဘုရား)။

## ခန္ဓာက မှန်၊ ဉာဏ်က အကြည့်သမား

ကိုယ့်ခန္ဓာက မှန်၊ ကိုယ့်ဉာဏ်က အကြည့်သမား၊ ခန္ဓာ က မှန်လို့မှတ်ထားရမယ်၊ ဉာဏ်က ကြည့်သမား၊ ခန္ဓာက ဘာတုံး. . . (မှန်ပါဘုရား)၊ ဉာဏ်က. . . (ကြည့်သမားပါ ဘုရား)။

ဩော်. . . ဝိပဿနာဆိုတာ ဒီလိုမှတ်ထားစမ်းပါ၊ ခန္ဓာက မှန်၊ ဉာဏ်က အကြည့်သမား၊ ခန္ဓာက ဘာတုံး. . . (မှန်ပါဘုရား)၊ ဉာဏ်က. . . (ကြည့်သမားပါဘုရား)။

အဲ့ဒါ နှစ်ခုတည့်ရမယ်၊ ခန္ဓာက မှန်၊ ဉာဏ်က အကြည့်သမားဆိုတော့ ခန္ဓာစစ်ဆေးရမှာပေါ့ဗျာ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ခန္ဓာက မှန်၊ ဉာဏ်က ဘာတုံး. . . (အကြည့်သမားပါဘုရား)၊ အကြည့်သမားလို့ အသေအချာမှတ်ထားပါ၊ ဦးမောင်နက်တို့လူစုတွေ အိပ်နေလို့မဖြစ်ဘူး၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကဲ- ခန္ဓာက ဘာလုပ်ကြတုံး. . . (မှန်ပါဘုရား)၊ ဉာဏ်က. . . (အကြည့်သမားပါဘုရား) ဩော်. . . ကိုယ့်ကိုယ်ကိုမှန်လုပ်ပြီး ကိုယ့်ဉာဏ်နဲ့ကြည့်တာ၊ ပြီးတော့ ခန္ဓာက ပြောလိမ့်မယ် . . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ခန္ဓာကပြော လိမ့်မယ်။

## ဘယ်သူ့ပောလို့ နိဗ္ဗာန်ဝင်သတုံး

ကိုင်း ဒါဖြင့် နိဗ္ဗာန်ဝင်တဲ့ပုဂ္ဂိုလ်တွေ၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဝင်မယ့်ပုဂ္ဂိုလ်တွေ ဘယ်သူ တရားဟောလို့ နိဗ္ဗာန်

ဝင်သတုံးလို့မေးလို့ရှိရင်ဖြင့် ပထမတော့ဖြင့် ဓမ္မကထိက၊ ဓမ္မကထိက က အစပဲ. . . (တင်ပါ့)၊ နောက် ခန္ဓာက ဟောတယ်။

ဓမ္မကထိက,က ဖော်ပေးတယ်၊ ခန္ဓာမှာ ဒီလိုရှိတယ်လို့ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)၊ တကယ် အစစ် ဟောလိုက်တာကတော့ ခန္ဓာကပဲ သွားပြလိုက်တယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

တကယ် အစစ်ဟောတော့ ဘယ်သူကနေ ဟောတုံး . . . (ခန္ဓာက ဟောပါတယ်ဘုရား)၊ ဒါဖြင့် ခန္ဓာက ဟောတာနဲ့ ဒီဘုရားကဟောဟော၊ ဘုန်းကြီးကပဲ သစ္စာဟောဟောဆိုတာ ဒီက ပထမဆရာ၊ ခန္ဓာက ဒုတိယဆရာ၊ ရိပ်မိပလား. . . (မှန်ပါ့)။

အဟောက ပထမဆရာ မရှိဘဲနဲ့ ဒုတိယဆရာ၏ အဖြစ်ကို မသိဘူး၊ သိပ့်မလား. . . (မသိပါဘူးဘုရား)၊ အဲ-ဒုတိယဆရာက သေသေချာချာပြောတဲ့အခါကျတော့မှ ဟုတ်သားပဲဆိုပြီး ဉာဏ်ပါ ခေါင်းညိတ်ပေတော့၊ ဉာဏ်နဲ့သာ ခေါင်းညိတ်တော့ သစ္စာသိတယ်. . . (မှန်ပါ့)။

ဉာဏ်နဲ့ခေါင်းညိတ်ရင် သစ္စာသိတယ်၊ သိပ်ခက်တယ်လို့များ ထင်နေကြသလား၊ မထင်နဲ့၊ အားလုံး ဒကာ ဒကာမတွေ ဒီဆရာကောင်း၊ သမားကောင်း မတွေ့ရင်တော့ဖြင့် ထိုင်လို့ကိုမရဘူး၊ ဘာလုပ်ရမှန်းကို မသိဘူး။

ဆရာကောင်း သမားကောင်းတွေ့တဲ့အခါကျတော့ ခန္ဓာ မှန်တပ်ပြီး ဉာဏ်နဲ့ပဲ ကြည့်၊ ခန္ဓာကပြောလိမ့်မယ်ဟော့ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဆရာကပြောထားနှင့်မှ ခန္ဓာကဟောမှာ

ဘယ်သူကပြောလိမ့်မတုံး. . . (ခန္ဓာကပြောမှာပါ ဘုရား)၊ ခန္ဓာက ပြောမယ်၊ ခန္ဓာက ပြောလိမ့်မယ်ဆိုတာလည်း ဆရာက ဟောထားနှင့်မှ ခန္ဓာကပြောတာ. . . (မှန်ပါ့)။

ဆရာက ပြောမထားနှင့်လို့ ခန္ဓာက ဘယ်လိုဟော ဟော မသိဘူး၊ ခန္ဓာက ဟုတ်လေ သူက ဒေါသဖြစ်လေ၊ ဆရာ ကပြောမထားနှင့်လို့ရှိရင်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိ ပါတယ်ဘုရား)။

ဆရာကပြောမထားနှင့်ရင် ခန္ဓာက ဟောလေ ကိုယ် က ဒေါသဖြစ်လေ၊ ဆရာကပြောထားနှင့်လို့ရှိရင် ခန္ဓာက ဟောလေ ကိုယ်က မဂ်ဆိုက်လေပဲ၊ သိပ်ကွာတယ်။

ဒါကြောင့် သောတာပန်တည်နည်းအကြောင်းက တရားကို မနာရလို့လည်း မတည်နိုင်ဘူးကွ၊ ခန္ဓာက အပြောကို မနာရလို့လည်း မတည်နိုင်ဘူးတဲ့ ဒီနှစ်ချက်ပဲရှိတယ်။

ဓမ္မာနု ဓမ္မ ပဋိပတ္တိဆိုတာ ဒါပဲ သဘောကျကြလား . . . (ကျပါတယ်ဘုရား)၊ ဒါဖြင့် သောတာပန်တည်နည်း အကြောင်းဘယ်နှစ်ကြောင်းလည်း. . . (နှစ်ကြောင်းပါဘုရား)။

## ဒီနှစ်ခုကိုက်ရင် သောတာပန်တည်တယ်

ဆရာပြောနဲ့ ခန္ဓာပြော၊ ဒီနှစ်ခုကို ကိုက်လို့ရှိရင် ဆိုက်အောင်ဉာဏ်ထဲက ဆုံးဖြတ်ချက်ချနိုင်လို့ရှိရင် သောတာပန် တည်တာပဲ။

ဆရာပြောရယ်၊ ခန္ဓာပြောရယ် နှစ်ချက် ဉာဏ်ကနေ ကြည့်လိုက်တဲ့အခါ ဆရာက ပြောတာနဲ့ ခန္ဓာကပြောတာနဲ့ ထပ်ပြီဆိုလို့ရှိရင် ဒါ သောတာပန်တည်ပြီ၊ ဦးဘတင် ဘယ် လောက်သဘောပါတဲ့ စကားတုံး. . . (မှန်ပါ့)၊ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

အကျိုးတရားတွေနဲ့ ဦးခင်မောင် အများကြီးကွာသွား ပြီ၊ အများကြီးကွာသွားပြီ၊ မောင်သစ်တို့ မကွာဘူးလား. . . (ကွာပါတယ်ဘုရား)။

ခုတော့ကြည့်လေ ဆရာက ပြောတာရယ်၊ ခန္ဓာက ပြောတာရယ် နှစ်ချက်ထပ်ရင် သောတာပန်တည်မယ်၊ ရှင်း ပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆရာကပြောတာကလည်း တရားဟောတာ၊ ခန္ဓာကပြောတာကလည်း တရားဟောတာ ဒီတရားနှစ်ချက် ကို တစ်ထပ်တည်းသွားပြီး ဉာဏ်က ဆုံးဖြတ်ချက်ချလိုက်တယ်၊ တစ်ထပ်တည်းပဲ။

ခန္ဓာက ပြောတာနဲ့ ဆရာက ပြောတာနဲ့ တစ်ထပ်တည်းပဲဆိုရင် သောတာပန်တည်တာ ရှင်းပလား၊ ဒါဖြင့် ပေဋကောပဒေသနဲ့ သွားဟုတ်တယ်၊ ခုပြောတဲ့စကားနဲ့က . . . (မှန်ပါ့)။

သစ္စာတရား နာရသည်ဖြစ်စေဆိုတာ ဆရာက ပြောတာဟုတ်လား. . . (မှန်ပါ့)၊ သစ္စာတရားကို ကိုယ်တိုင်ကျင့်ကြံသည်ဖြစ်စေဆိုတာက. . . ခန္ဓာကပြောတာ။

ဤနှစ်ပါးသိလို့ရှိရင် သာဝကပါရမီဉာဏ်ပြည့်ပြီကွလို့ ဘာမှ ပါရမီတွေဖြည့်မနေနဲ့၊ ကဲ- ဘယ်လောက်နီးကပ်တုံး. . . (နီးကပ်ပါတယ်ဘုရား)၊ မနီးကပ်ဘူးလား. . . (နီးကပ်ပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ. . . (နီးကပ်ပါတယ်)၊ သောတာပန်တည်ဖို့ ဝေးသလား. . . (မဝေးပါဘူးဘုရား)၊ သစ္စာတရားနာရသည်ဖြစ်စေဆိုတော့ ဆရာပြောတာကို နာရတာ သဘောကျပလား. . . (မှန်ပါ့)။

## ဒီနှစ်ချက်ညီရင် ကိစ္စပြီးတယ်

ခန္ဓာက ပြောတာကိုပဲ ခင်ဗျားတို့ ဆရာပြောတာနဲ့ ကိုက်အောင် မြင်နေလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ ဒီနှစ်ချက်ညီရင် ကိစ္စပြီးတာပါပဲတဲ့။

ဆရာဟောတာရယ်၊ ခန္ဓာကပြောတာရယ်၊ နှစ်ချက်သာ ကိုက်ပစေ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်လိုမှတ်ကြမယ် ဒီနေ့. . . (ဆရာဟောတာရယ် ခန္ဓာပြောတာရယ် ပါဘုရား)။

ခန္ဓာ ဟောတာရယ် ဆရာကလည်း သူပြောတာပဲ. . (တင်ပ့ါ)၊ ခန္ဓာက ဟော၊ ဆရာက. . . (ပြောပါလိမ့်မယ်)၊ ခန္ဓာက. . . (ဟောပါတယ်)၊ ရိပ်မိပလား. . (ရိပ်မိပါတယ်ဘုရား)။

အဲ- ဆရာပြောနဲ့ ခန္ဓာဟော ကိုက်ရင် သောတာပန် တည်ရမယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

နိဗ္ဗာန်ရောက်လိမ့်မယ်ပြောတာလား၊ ဆရာပြောနဲ့ ခန္ဓာဟောကိုက်လို့ရှိရင်ဖြင့် ကိစ္စပြီးပြီလို့ပြောတာလား. . . (ကိစ္စပြီးပါတယ်)။

ကိစ္စပြီးတယ်ဆိုတာ ကိလေသာသေတယ်ပြောတာ၊ ကိလေသာသေရင် နိဗ္ဗာန်ရောက်တယ်ပြောတာပဲ ဦးခင်မောင်ရ. . . (မှန်ပ့ါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနှစ်ချက်ဟာ ဒီဥစ္စာ မှတ်ရတော့မယ်၊ အလွန်အရေးကြီးတဲ့နှစ်ချက်ဆိုတာ မှတ်စမ်းပါ၊ ဘယ်လိုမှတ်ကြမယ် . . . ဆရာပြောရယ်. . . (ခန္ဓာပြောရယ်ပါဘုရား)၊ နှစ်ချက်ကိုက်ရမယ်။

နှစ်ချက်ကိုက်လို့ ခင်ဗျားတို့ဉာဏ်ထဲက ဒီနှစ်ချက် တယ်ညီတယ် ဆိုလို့ရှိရင် သောတာပန်တည်တဲ့အချိန်လို့သာ မှတ်ပေတော့။

ဒို့ဆရာလည်း ဟောရဲ့သားနဲ့ဗျာ ဒို့ဘာနဲ့များ ဒို့ဆရာ ပြောထားတာနဲ့ ဒို့ခန္ဓာက ဟောထားတာနဲ့ သိပ်ကိုက်ပါလား ဆိုရင် ဒါ ဒုက္ခပိုင်းခြားပြလိုက်တာပဲ။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## ဆရာ့အပြောနဲ့ ခန္ဓာ့အဟောကိုက်အောင်လုပ်ပါ

ဘယ်နှစ်ချက်တုံး . . . (နှစ်ချက်ပါဘုရား) ဘာတုံး ဘာတုံး နှစ်ချက်လုပ်ပြစမ်းပါဦး . . . (ဆရာပြောနဲ့ ခန္ဓာဟော ကိုက်ရမှာပါဘုရား) ကိုက်အောင်လုပ်လိုက်။

ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါမှာ ဆရာပြောနဲ့ ခန္ဓာဟောနဲ့ သိပ်ကိုက်ပါလားဟေ့ဆိုရင် ဒါ ဒုက္ခပိုင်းခြား လိုက်တဲ့ ပရိညာကိစ္စ ပေါ်လာတယ် . . . (မှန်ပါ့) ပရိညာ ကိစ္စပြီးသွားတာပဲ . . . (မှန်ပါ့)။

ကိုအုန်းမောင်၊ ကိုနက်တို့ ဘယ်လောက် လွယ်တုံး (လွယ်ပါတယ်ဘုရား) အလကား ဝေ့သွားနေတာနဲ့ ဝေးနေကြတာ . . . (မှန်ပါ့) ဝေ့သွားနေကြတာ။

## တစ်စ တစ်စဆိုရင် ဘယ်ကလာရမှာတုံး

မင်းတို့ နိဗ္ဗာန်ရောက်လိမ့်မယ် တစ်စတစ်စတော့ သေချာတယ်ကွ။ အင်း တစ်စ တစ်စဆိုရင်ဖြင့် စ,နေတာနဲ့ပဲ ဆုံးမှာမဟုတ်ပါဘူး။ တစ်စတစ်စ ဆိုတာက ဟိုတစ်စ ဒီတစ်စ ပြောတာ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဟိုတစ်စ ဒီတစ်စနဲ့ ဘယ်ကလာရမှာတုံး . . . (တင်ပ့ါ) တစ်စ တစ်စလား ခုဥစ္စာက . . . (မဟုတ်ပါဘူး) ဆရာပြောနဲ့ ခန္ဓာဟော ကိုက်လို့ရှိရင် ခင်ဗျားတို့ ကိစ္စပြီးပြီ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ ဆရာက ပြောတာက ဒု-ရယ်၊ ခ-ရယ် သစ္စာ-ရယ် ဆရာပြောတာက . . . (မှန်ပ့ါ) ဘယ်လိုထိအောင် ပြောတုံး စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန် ဆရာပြောထားတာ၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကြည့်၊ စက်ဆုပ်စရာလည်း တွေ့မယ်ဆိုရင် ပြီးတာပဲ။ အသုံးမကျတာလည်းတွေ့ရမယ်၊ အမှန်လည်း တွေ့မယ်ဆိုရင် ပြီးတာပဲ။

ဘာမှ ရှာမနေနဲ့ ဘာမှ ရှာမနေနဲ့တော့ ရှင်းပလား . . . မောင်မြစိန်က. . . (ရှင်းပါတယ်ဘုရား) အို ဦးမောင်နက်တို့က။

ကိုင်း ဒါဖြင့် ဆရာပြောတာကဖြင့် လမ်းဆုံးပါပြီတဲ့၊ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ဟာဖြင့် ဒီဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ပါပဲ ဟောလိုက်တယ်။

## ကြည့်နည်းပေးရဦးမယ်

ကိုယ့်ဉာဏ်နဲ့ ကိုယ်ပြန်ကြည့်ရမယ်။ သို့သော် ကိုယ့်ဉာဏ်နဲ့ ကိုယ်ပြန်ကြည့်တာဟာ ဆရာနဲ့လည်း ရှုဉာဏ်လေးလည်း ကူရလိမ့်ဦးမယ် (မှန်ပါ့) ရှုဉာဏ် မကူရင်လည်း မရသေးဘူး။ ခင်ဗျားတို့ကိုယ်မှာ ရှုဉာဏ် မပါလို့ရှိရင်လည်း မဖြစ်သေးပါဘူး။ ကြည့်နည်းကို ပေးရဦးမယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကြည့်နည်းပေးတော့ စက်ဆုပ်စရာက စပေးပါ့မယ်။

**ဒို၊ ကတံ- ဒို၊ ကုစ္ဆိတံ လို့ ဟောလိုက်တယ်၊ ကုစ္ဆိတံ ဆိုတာ စက်ဆုပ်တာ။**

ဘယ့်နှယ်ကြောင့် စက်ဆုပ်စရာလို့ ကိုယ်ပိုင်ဉာဏ်နဲ့ မြင်ရမှာတုံးလို့ မေးတဲ့အခါကျတော့ ဩော်. . . ဟုတ်တယ် ဒကာဒကာမတွေရဲ၊ ခင်ဗျားတို့က ဉာဏ်နဲ့တိုက်ရိုက်သာ သူ့ဆီကို မတည့်လို့ သေသေချာချာ သူက စက်ဆုပ်စရာ ပြောပြီ၊ ခန္ဓာက ခန္ဓာက။

ခန္ဓာက ဘာတုံး၊ သေသေချာချာဘာတုံး. . . (စက်ဆုပ်စရာ)၊ ကဲ- စက်ဆုပ်စရာ ဟုတ် မဟုတ် ကြည့်ကြပါစို့ ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့က စက်ဆုပ်စရာကို စက်ဆုပ်စရာလို့ မမြင်ဘူး၊ ခက်နေတာက စက်ဆုပ်စရာကို မမြင်လာဘူး။

ကဲ- မြင်အောင်ပြောတော့မယ်ဆိုတော့၊ စက်ဆုပ်စရာကို မြင်အောင်ပြောပါတော့မယ်ဆိုလို့ရှိရင်ဖြင့်၊ ခင်ဗျားတို့ သန္တာန်မှာ စိတ်တွေကလည်း ပုထုဇဉ်စိတ်တွေက အကုသိုလ်စိတ်ကလည်း သုံးခုစလုံး ပြည့်နေတာပဲ။

## လောကီစိတ်က ရှစ်ဆယ့်တစ်

ကဲ- တိုတိုပြောကြပါစို့ဆိုတော့ လောကီစိတ်က လောကီစိတ်ပိုင်းက ခင်ဗျားတို့ စားချင်၊ သောက်ချင်၊ နေချင်၊ ထိုင်ချင်၊ ကုသိုလ်ယူချင်တဲ့စိတ်တွေက လောကီစိတ်က ရှစ်ဆယ့်တစ်စိတ်ရှိတယ်၊ သဘောကျပလား. . . (မှန်ပါ့)။

ဘယ်လောက်ရှိတုံး. . . (ရှစ်ဆယ့်တစ်ပါဘုရား)၊ လောကီစိတ်က ရှစ်ဆယ့်တစ်ရှိတယ်၊ ဒါက ရှစ်၊ ဒါက တစ်လို့ မှတ်တာပေါ့၊ ရှစ်နဲ့တစ်နဲ့ပေါင်းတော့ ရှစ်ဆယ့်တစ်နော်. . . (မှန်ပါ့)။

## စေတသိက်က ငါးဆယ့်တစ်

ရှစ်ဆယ့်တစ်မနေဘူးလား. . . အဲဒီထဲမှာ အသာထား၊ ခင်ဗျားတို့မှတ်တာထား၊ လောဘ သူနဲ့ယှဉ်ဖော်ယှဉ်ဖက် စေတသိက်က ငါးဆယ်နဲ့တစ်ခု သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ရှစ်ဆယ့်တစ်နဲ့ ငါးဆယ့်တစ် ကဲ- ဦးမောင်နက်တို့ ပေါင်းလိုက် ဘယ်လောက်ရတုံး. . . (တစ်ရာသုံးဆယ်နှစ်ပါဘုရား)၊ ဟုတ်ပလား ရှစ်ဆယ့်တစ်နဲ့ငါးဆယ့်တစ်နဲ့ ပေါင်းရင် ဘယ်လောက်တုံး. . . (တစ်ရာသုံးဆယ့်နှစ်ပါဘုရား)။ (၈၁ + ၅၁ - ၁၃၂)

အဲဒီကျမှ ခင်ဗျားတို့ ခန္ဓာထဲမှာကတော့ ဒါ ခင်ဗျားတို့ ခန္ဓာထဲရှိတယ်၊ ဒါက စိတ်ကိုပြောတာ၊ ဒါက သူနဲ့ ယှဉ်ဖော် ယှဉ်ဖက် စိတ် စေတသိက်ကိုပြောတာ၊ သူက စွဲလို့ကို မရဘူး၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ရုပ်က နှစ်ဆယ့်ရှစ်

ကဲ- ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက ကိုင်တွယ်ရတာကြီး ရုပ်က နှစ်ဆယ့်ရှစ် ပေါင်းပါ. . . (၁၃၂ + ၂၈ - ၁၆၀) (တစ်ရာ့ခြောက်ဆယ်ပါဘုရား)၊ တစ်ရာ့ခြောက်ဆယ် ကိုက်နေတာပဲ. . . (မှန်ပါ့)၊ မကိုက်ဘူးလား. . . (ကိုက်ပါတယ်ဘုရား)၊ ရှင်းပြီနော်. . . (မှန်ပါ့)။

ဘယ်လောက်ရှိတုံး. . . (တစ်ရာ့ခြောက်ဆယ်ပါ ဘုရား)၊ အဲဒါ ခင်ဗျားတို့ ခန္ဓာ ကျန်တဲ့ခန္ဓာတွေ အကုန်ပေါင်း လိုက်တာပဲ၊ ခင်ဗျားတို့၏ သက်သက်မဟုတ်တော့ဘူး၊ လောကီမှာ ဒါအကုန်ပေါင်းလိုက်တာပဲ၊ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

လောကီမှာ ဒါပေါင်းလိုက်တာနော်၊ လောကီမှာ ဒါတွေပေါ့ဗျာ၊ လောကုတ္တရာ အရိယာပုဂ္ဂိုလ်ချန်ပြီးတော့ လောကီ ဆိုင်ရာပေါင်းလိုက်တော့ ဘယ်လောက်ရှိသွားတုံး . . . (တစ်ရာ့ခြောက်ဆယ်ပါဘုရား)။

## ပေါင်းလိုက်တော့ ရုပ်နဲ့နာမ်ပဲရှိတယ်

တစ်ရာ့ခြောက်ဆယ်တိပဲမို့လား. . . (မှန်ပါ့)၊ ကိုင်း တစ်ရာ့ခြောက်ဆယ်မှတ်ထား၊ ကိုင်း ခင်ဗျားတို့သန္တာန်မှာ တစ်ရာ့ခြောက်ဆယ်ခုရှိတဲ့ဉစ္စာကို ဒီက တစ်ရာနဲ့ ခြောက်ဆယ် ထားပါတော့ ခင်ဗျားတို့၊ ခင်ဗျားတို့ ဒီ တစ်ရာ့ခြောက်ဆယ်ကို . . . ဩော်. . . ရုပ်နဲ့နာမ်ကိုးဗျ၊ ပေါင်းလိုက်တော့ ရုပ်နဲ့နာမ် ပဲရှိတော့တယ်၊ သဘောကျပလား. . . (မှန်ပါ့)။

ပေါင်းလိုက်တော့ ဘာရှိတုံး. . . (ရုပ်နဲ့နာမ်ပဲရှိပါတယ် ဘုရား)၊ ရုပ်နာမ်ရှိနဲ့ ဒါက ပင်ကိုရှိ၊ ဟိုဘက်က ဦးမောင်နက် တို့လူစုက ဒါ ငါပဲ ငါ့ဉစ္စာပဲ လုပ်တာ။

ဒါ သိမ်းပိုက်တယ်၊ ဒီတစ်ရာ့ခြောက်ဆယ်ကို ဘာလုပ် ထားတုံး. . . (ငါပဲ ငါ့ဉစ္စာပဲ လုပ်ထားပါတယ်ဘုရား)၊ ငါပဲ ငါ့ဉစ္စာပဲလို့ သိမ်းပိုက်လိုက်တယ်၊ မသိမ်းပိုက်ဘူးလား. . . (သိမ်းပိုက်ပါတယ်ဘုရား)။

ဒါ ဘယ်သူတုံး. . . ဒါ တပည့်တော်၊ ဟိုဘက်က ဘယ်သူတုံး ကိုညီတို့ လူစုတွေပဲ၊ တို့လူစုတွေပဲ အစရှိသည်ပေါ့ လေ၊ မသိမ်းပိုက်ကြဘူးလား. . . (မှန်ပါ့)၊ တပည့်တော်ပဲ၊ တပည့်တော်မပဲ မဆိုကြဘူးလား. . . (ဆိုကြပါတယ်ဘုရား)။

ဒါဖြင့် တဏှာဒိဋ္ဌိက ဒီတစ်ရာ့ခြောက်ဆယ်ကို ငါ့ ပစ္စည်း လုပ်ထားတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ သမှာ ဒိဋ္ဌိက ဘာလုပ်ထားတုံး. . . (ငါ့ပစ္စည်း လုပ်ထားပါတယ် ဘုရား)။

## တဏှာဒိဋ္ဌိ

ငါ့ပစ္စည်းလုပ်ထားတော့ ဒီတစ်ရာ့ခြောက်ဆယ်တည်း ဟူသော တရားကို၊ တဏှာဒိဋ္ဌိတည်းဟူသော တရားက ငါ၊ ငါ့ဥစ္စာ လုပ်ပြီးသကာလထားတော့၊ ဒီတစ်ရာ့ခြောက်ဆယ် တည်းက ဒါက အမေထားပါ၊ ဒါက မွေးတဲ့သား ရှင်းပလား . . . (မှန်ပါ့)။

ဒီ တဏှာဒိဋ္ဌိက အမေထား ဦးခင်မောင်. . . (မှန်ပါ့)၊ တစ်ရာ့ခြောက်ဆယ်က. . . (မွေးတဲ့သားပါဘုရား)၊ မွေးတဲ့ သားတွေ၊ သားပေါင်းဘယ်လောက်ရှိတုံး. . . (တစ်ရာ့ခြောက် ဆယ်ပါဘုရား)။

အမေကတော့ တဏှာဒိဋ္ဌိ. . . (မှန်ပါ့)၊ သဘောကျ

ပလား. . . (မှန်ပါ့)၊ ဘာပြုလို့ တဏှာဒိဋ္ဌိကို ဘုန်းကြီးက အမေလို့ ဥပမာပေးလိုက်ရသတုံးလို့ ကိုမြစိန်တို့လူစု ဦးမောင်နက်တို့က မေးလို့ရှိရင်ဖြင့် ဘယ်သူတုံးဆိုရင် ငါလို့ စွဲတာ၊ ဒါ ဘယ်သူတုံးဆိုရင် ငါ့ဥစ္စာလို့ပြောတာ၊ သူမွေးတဲ့သားလို့ သူပြောတာ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

## ငါ၊ ငါ့ဥစ္စာ လုပ်ထားတယ်

ငါ၊ ငါ့ဥစ္စာလို့ မပြောကြဘူးလား. . . (ပြောပါတယ်ဘုရား)၊ ခန္ဓာကိုယ်ကြီး ငါ၊ ခြေကလေးတွေ လက်ကလေးတွေ ဘယ်သူ့ဥစ္စာတုံးဆိုတော့ ငါ့ဥစ္စာ၊ ဟုတ်လား တစ်ခါ မျက်လုံးကလေးတွေ၊ နှာခေါင်းကလေးတွေကျတော့ ဘယ်သူ့ဟာတုံးမေးတော့. . . (ငါ့ဥစ္စာပါဘုရား)၊ ဆံပင်လေးတွေကျတော့ . . . (ငါ့ဥစ္စာပါဘုရား)။

ဩော်. . . ဒီလိုလုပ်ထားကြတာ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ငါ၊ ငါ့ဥစ္စာ လုပ်ထားတော့ ဝေဒနာက ခံစားချင်တယ်၊ သဘောကျပလား. . . (မှန်ပါ့)။

တဏှာက လိုချင်တယ် ဒီထဲမှာပါနေတာက မပါဘူးလား. . . (ပါ ပါတယ်ဘုရား)၊ ဒေါသက စိတ်ဆိုးချင်တယ်၊ ကဲ သားသမီးတွေက အတုယူကြရဲ့လား၊ ဝါဒတူကြရဲ့လား၊ အစပ်တူကြရဲ့လား. . . (မတူပါဘူးဘုရား)။

ဒါဖြင့် ဒီအမေလုပ်တဲ့ပုဂ္ဂိုလ် ဒီသုံးယောက် နိုင်အောင် ထိန်းရတယ်၊ ထိန်းနိုင်ကြပ့်ါမလား. . (မထိန်းနိုင်ပါဘူးဘုရား)။

တစ်ယောက်က ရေချိုးချင်တယ်၊ လောကီဥပမာပြော ရရင် တစ်ယောက်က ကျင်ကြီးစွန့်ချင်တယ်၊ သဘောကျရဲ့ လား။

ဒီအမေတစ်ယောက်တည်း တဏှာဒိဋ္ဌိအမေက ဘယ်လိုလုပ်ပြီး သူ့အတွက် ခင်ဗျားတို့ ယဉ်ကျေးအောင် အလိုလိုက်အောင် မပင်ပန်းဘဲနဲ့ မြင်နိုင်ပါ့မလား၊ သူတို့အလိုကျ လိုက်ရတော့မှာပဲ။

ငါ၊ ငါ့ဉစ္စာလို့ လက်သည်ထားတာကို လိုက်ရမှာပဲ မဟုတ်လား. . . (မှန်ပါ့)၊ သို့သော် လိုက်နိုင်စရာ အကြောင်းရှိ မရှိ. . . (မရှိပါဘူးဘုရား)။

သူတို့က အကြိုက်တူပါ့မလား. . . (မတူပါဘူးဘုရား)၊ သားပေါင်းတစ်ရာ့ခြောက်ဆယ်ကလေ. . . (မတူပါဘူးဘုရား)၊ မတူတော့ ဒါကို ခင်နေတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် အားစရာများရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

အမောလေးများ ဖြေစရာ. . . (မရှိပါဘူးဘုရား)၊ ဘာ ဖြစ်လို့တုံးဆိုတော့ တစ်ရာ့ခြောက်ဆယ်မှာ တစ်ယောက်နဲ့ တစ် ယောက် အလိုမတူဘူးတဲ့. . . (မှန်ပါ့)။

## အကြိုက်မတူကြ

တစ်ယောက်က ရေချိုးချင်တယ်၊ တစ်ယောက်က ကျင်ကြီးစွန့်ချင်တယ်၊ တစ်ယောက်က ဟင်း လိုချင်တယ်၊ တစ်ယောက်က ဆေးသောက်ချင်တယ်၊ တစ်ယောက်က ဟုတ်လား ချွေးသုတ်ပေးစေချင်တယ်၊ ဘယ့်နှယ့်လုပ်မှာတုံးတဲ့ ဒီဥစ္စာ ကဲ လိုက်နိုင်ကြပ့ါမလား. . . (မလိုက်နိုင်ပါဘူးဘုရား)။

မလိုက်နိုင်တော့ ဒါတွေဟာ မလိုက်နိုင်လို့ ဘုတ်ထိုင်ထိုင်နေရမှာလဲ ခင်ဗျားတို့က မထိုင်နိုင်ဘူးဗျ၊ ငါ၊ ငါ့ဥစ္စာ လုပ်တယ်. . . (မှန်ပါ့)၊ သက္ကာယဒိဋ္ဌိက မကွာဘူး. . . (မကွာပါဘူးဘုရား)၊ ကွာသေးရဲ့လား. . . (မကွာပါဘူးဘုရား)။

မကွာတော့ ဘာလုပ်ထားကြတုံး. . . (ငါ၊ ငါ့ဥစ္စာ လုပ်ထားပါတယ်ဘုရား)၊ ဪ. . . သေပါလိမ့်မယ် ခင်ဗျားတို့ . . . (မှန်လှပါ)၊ သေပါလိမ့်မယ်၊ သေပါလိမ့်မယ်၊ အမောဆိုက်ပြီးတော့ကို သေစေရမယ်၊ မသေဘူးလားဗျ. . . (သေမှာပါဘုရား)။

ဒါကြောင့် သတ္တဝါတွေ သေတဲ့အခါကျလို့ရှိရင် ကိစ္စပြီးပြီးသေသလား၊ တန်းလန်းသေသလားသာ ဆုံးဖြတ်ချက်ချ . . . (တန်းလန်းသေပါတယ်ဘုရား)။

## ဘယ်လိုများသေကြသတုံး

ဒါဖြင့် သေခြင်းဆိုးချည့်ပဲပေါ့ဗျ. . . (မှန်ပ့ါ)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ဘယ်လိုများသေကြတုံး. . . (သေခြင်းဆိုးပါဘုရား)၊ ကိစ္စ ပြီးပြီ ဟော သူ့ကိစ္စပြီးပလား သူ့ကိစ္စသေပလား တစ်ရာ့ခြောက်ဆယ်စလုံးကိစ္စ ရွက်ဆောင်ပြီးသကာလ သူတို့ကျေနပ်ပြီး သေသွားတာလားလို့ မေးကြည့်လိုက်စမ်း. . . (မကျေနပ်ပါဘူးဘုရား)။

မကျေနပ်ဘူး မကျေနပ်ဘူး ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ ဩော်. . . ဒါဖြင့် အဲ့ဒါကို ဩော်. . . ဒီလောက်တောင် အလိုမလိုက် အကြိုက်မပါ ဒကာ ဒကာမတွေက စဉ်းစားတော့ ပြီးတော့ သူတို့က ဘာလုပ်တတ်သတုံးဆိုတော့ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါ အကုန်လက်ခံတယ်။

ခန္ဓာကိုယ်က. . . (မှန်ပ့ါ)၊ ခန္ဓာ မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါ ဘာတုံး. . . (လက်ခံပါတယ်ဘုရား)၊ လက်ခံတယ်။

ကျေးရှင် မွေးရှင်များ ငဲ့သေးသလား. . . (မငဲ့ပါဘူးဘုရား)၊ အင် ငါ ငါ့ဥစ္စာ လုပ်တာက အမေပြန် ပြန်ပြီးသကာလ ကျွန်တော်တို့၊ အမေအကြိုက်နေပ့ါမယ်လို့များ ပြောသေးသလား. . . (မပြောပါဘူးဘုရား)။

ကိုးဆယ့်ခြောက်ပါးသောဘောရောဂါ၊ နှစ်ဆယ့်ခြောက်ပါးသော ဝဋ်၊ ကိုးဆယ့်ခြောက်ပါးသော ဝေဒနာ၊ နှစ်ဆယ့်ခြောက်ပါးသော ဘေးနော်၊ နှစ်ဆယ့်ငါးပါးသောဘေး မလာဘူးလား. . . (လာပါတယ်ဘုရား)။

## ကံကြမ္မာတွေ ရွက်ဆောင်နေတယ်

သုံးဆယ့်နှစ်ပါးသော ကံကြမ္မာတွေ သူတို့က ဘာလုပ်နေတုံး. . . (ရွက်ဆောင်နေပါတယ်ဘုရား)၊ အံမလေး၊ ခင်ဗျားတို့ ကျုပ်တို့က ငါ့ကိုယ်၊ ငါ့ဟာများလုပ်ပြီး ထားလိုက်တာ သူတို့က ထင်သလို အကုန်လက်ခံပြီးသကာလ ထိန်းချုပ်လို့လည်း မခံဘူးလား၊ ခံလား. . . (ခံပါတယ်ဘုရား)။

ခင်ဗျားတို့က ငါ့ကိုယ် ငါ့ဟာဆိုပြီး အပြေးကလေးနဲ့ပဲ တရားဆုံးတယ်. . . (တင်ပါ)၊ ခုမှ သတိရစရာတွေ့လို့ ဒီလိုမှန်း သိတော့သိကြပြီ. . . (သိပါတယ်ဘုရား)။

သိတော့ သိကြပေမယ့် ငါ့ကိုယ် ငါ့ဟာဆိုပြီး သိတော့ သိတာပဲ၊ သူတို့က ငါ့ကိုယ် ငါ့ဟာ မဟုတ်တဲ့အတွက်၊ ကိုးဆယ့်ခြောက်ပါး ဘေးရောဂါတို့၏ တည်ရာဌာနကြီး အကုန်ဖြစ်လေသောကြောင့်၊ ကိုးဆယ့်ခြောက်ပါးသော ဘေးရောဂါတို့ကို လက်ခံတတ်တဲ့သဘောသတ္တိရှိလေသောကြောင့်၊ သူတို့ဟာ စက်ဆုပ်စရာသာ ခင်ဗျားတို့မြင်ရတယ်၊ တွေ့ပြီကွ။

ဘယ်လိုမြင်ရတုံး. . . (စက်ဆုပ်စရာသာ မြင်ရပါတယ်ဘုရား) သေသေချာချာမြင်ရတယ်၊ သဘောကျပလား . . . (သဘောကျပါတယ်ဘုရား)။

## ဘယ်လိုမြင်မှ အမြင်မှန်တုံး

ဘယ်လိုမြင်မှ အမြင်မှန်ပါလိမ့်. . . (စက်ဆုပ်စရာ မြင်မှပါဘုရား)၊ ကိုးဆယ့်ခြောက်ပါးသော ဘေးရောဂါတို့ကို ဦးသာဒင်က အသေအချာ လက်မခံဘူးဆိုတော့ ရောဂါ ပြောကြစမ်းပါဦး. . . (မတွေ့ပါဘူးဘုရား)။

တစ်ရှူ့ခြောက်ဆယ်က ဘာငြင်းစရာရှိတုံး. . . (မရှိပါဘူးဘုရား)၊ ဘယ်ဟာမှ မငြင်းပယ်ဘူးနော်. . . (မငြင်းပါဘုရား)၊ ငြင်းပယ်တော့ကို ဒီက ထင်နေတဲ့ ငါ့ကိုယ် ငါ့ဟာသမားက ခြော်. . . ကြည့်လိုက်ရ ရှုလိုက်ရတာလည်း လွန်လို့ ကျုပ်တို့ကလည်း မတည့်ပါဘူး။

ဒါ မအားရင်လည်းနေ ဒါ ဝေဒနာတွေချည်းပဲ၊ မကောင်းတာတွေနဲ့ ပေါင်းသင်းပြီး ဆက်ဆံနေတဲ့ဥစ္စာ တော်ပါပေ့၊ တန်ပါပေ့လို့ ခင်ဗျားတို့က မလာဘူး။

စက်ဆုပ်စရာကြီး ကျုပ်တို့ပေါင်းသင်းနေရတာ. . . (မှန်လှပါ)၊ ကိုယ့်အလို ကိုယ့်အကြိုက်ဆိုတာ ပါတယ်၊ လိုက်တယ်ဆိုတာ ရှိရဲ့လား. . . (မရှိပါဘူးဘုရား)။

သူတို့ပေါင်းချင်ရာနဲ့ ပေါင်းနေတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒီ စက်ဆုပ်စရာကြီးကို ခင်ဗျားတို့က စက်ဆုပ်စရာဆိုတာ မမြင်ရှာဘူး၊ ငါ့ကိုယ်၊ ငါ့ဟာပဲလုပ်တုန်း ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အင်မတန်နက်တဲ့စကားတွေ

အဲတော့ ဒုဆိုတာကို သူက မမြင်ဘူးတဲ့ . . . (မှန်ပါ့)၊ မြင်သေးရဲ့လား. . . (မမြင်ပါဘူးဘုရား)၊ အတော် သဘောပါတယ်နော် ကြပ်ကြပ်သတိထားပါ။ အင်မတန်နက်တဲ့စကားတွေ လို့လည်း အောက်မေ့ပါ၊ မနက်ဘူးလား. . . (နက်ပါတယ်ဘုရား)။

ခု ဒုဆိုတာ လေးတစ်လုံးတည်းဟောနေတာ. . . (မှန်လှပါ)၊ သူက ကိုးဆယ့်ခြောက်ပါးသော ဘေးရောဂါတို့ကို တမဟုတ်ချင်း အမြဲလက်ခံပြီးသကာလနေတာ၊ ကာယိက ဒုက္ခလာရင်လည်း လက်ခံတာပဲ၊ စေတသိကဒုက္ခလာရင်ကော . . . (လက်ခံပါတယ်ဘုရား)။

ကိုးဆယ့်ခြောက်ပါးလာရင်ကော. . . (လက်ခံပါတယ်ဘုရား)၊ နှစ်ဆယ့်ငါးပါးသော ဘေးဥပါဒ်လာရင်ကော

. . . (လက်ခံပါတယ်ဘုရား)၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာတွေ လာရင်ကော. . . (လက်ခံပါတယ်ဘုရား)။

ဒါဖြင့် ကျွေးချင် မွေးချင် ငါ ငါ့ဥစ္စာသမား ပေါင်းသင်းစရာရှိရဲ့လား၊ စက်ဆုပ်စရာလား မေးကြည့်. . . (စက်ဆုပ်စရာပါဘုရား)၊ တော်ပြီလားခင်ဗျားတို့က တော်ပြီ ငါ၊ ငါ့ဥစ္စာ မလုပ်တော့ဘူး ခွာပြီလား။

ဘယ့်နှယ်တုံး ခွာနိုင်ကြရဲ့လား ခင်ဗျားတို့. . . (ခွာနိုင်ပါတယ်ဘုရား)၊ ဒု- ကလည်း စက်ဆုပ်စရာချည့်လုပ်နေတယ် . . . (မှန်ပါ့)၊ မလုပ်ဘူးလား လုပ်လား. . . (လုပ်ပါတယ်ဘုရား)။

ကိုးဆယ့်ခြောက်ပါးက ဘာလုပ်နေတုံး. . . (စက်ဆုပ်စရာလုပ်နေပါတယ်ဘုရား)၊ စက်ဆုပ်စရာလုပ်ပြီးသကာလနေ့တော့ ခင်ဗျားတို့က ပူစရာတွေ့ ခဏပဲတွေ့၊ အနွေးထည်အင်္ကျီတွေ အမျိုးမျိုးဆင်ပြီး၊ အမျိုးမျိုးကျွေးပေး၊ အမျိုးမျိုးမွေးပေး။

သူက ခင်ဗျားတို့ကို ကြည်ညိုစရာတစ်ခုလုပ်သလားလို့ မေးကြည့်. . . (မလုပ်ပါဘူးဘုရား)၊ မအိုပါနဲ့ မောင်နိုင် မနာပါနဲ့၊ မရှိပါဘူး တောင်းပန်ကြည့်. . . (မလွယ်ပါဘူးဘုရား)။

ဘယ်အနာမှ လက်မခံနဲ့နော် မင်း ငါအင်မတန် ကျေးဇူးတင်လွန်း၍ အောက်မေ့ပြီး ပြုခြင်း၊ ရှုခြင်းမက ပြုထားပါတယ်၊ တောင်းပန်လို့ရကြရဲ့လား. . . (မရပါဘူးဘုရား)။

## သူဖြစ်ချင်သလို ဖြစ်နေတာ

သူဖြစ်ချင်သလို ဖြစ်နေတာ၊ မဖြစ်ကြဘူးလား. . . (ဖြစ်ပါတယ်ဘုရား)၊ အဲတော့ သူ့ကို ခင်ဗျားတို့က ဘယ်လိုမြင်ရမှာတုံးတဲ့. . . (စက်ဆုပ်စရာလို့ မြင်ရမှာပါဘုရား)။

စက်ဆုပ်စရာလို့မြင်ရမယ်၊ အဲဒါက သူက ခန္ဓာက အမှန်၊ ခင်ဗျားတို့က စက်ဆုပ်စရာလို့မြင်နေရမယ်၊ ခန္ဓာက အမှန်နော်. . . (မှန်ပါ့)၊ ဉာဏ်က စက်ဆုပ်စရာလို့ မြင်နေရမယ်. . . (မှန်ပါ့)။

## ခန္ဓာက အမှန်ပြောနေတာ

ခန္ဓာက အမှန်သဘောနဲ့ပြောနေတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ကြည့်တဲ့သူက ဘယ်လိုမြင်ရမယ် . . . (စက်ဆုပ်စရာလို့ မြင်ရမှာပါဘုရား)။

စက်ဆုပ်စရာလို့ မြင်ရမယ်၊ ဩော်. . . ခြေ နာလာပြန်လို့ရှိရင်လည်း ဩော်. . . စက်ဆုပ်စရာပဲ မနာအောင်လို့ကို

ဆေးတွေ ဝါးတွေ ရေတွေ မိုးတွေနဲ့ အမျိုးမျိုး အန္တရာယ်ကင်းဘေးရှင်းပါစေတော့ မေတ္တာရေတွေတောင် အဟံအဝေရော ဟောတု လုပ်ထားတာ၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## အော်ပြီး မေတ္တာပို့ပေးပါ

အဟံ= အကျွန်ုပ်သည်၊ အဝေရာ= ရန်မရှိ၊ ဟောတု= ဖြစ်ရပါလို၏၊ အံမလေး ဒါ လုပ်ထားတာတွေ၊ နည်းတာတွေ မဟုတ်ဘူး၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

သူ့အတွက် ခတ်အော်အော်လေးပို့ပေးပါ (ရယ်သံများ) . . . (အော်ပါတယ်ဘုရား)၊ အော်ပေမယ်လို့ သူက ကြားမှ မကြားတဲ့ဥစ္စာ၊ ကြားသေးရဲ့လား. . . (မကြားပါဘူးဘုရား)၊ ဒီအမေလုပ်တဲ့သူကသာ အော်နေတာပဲ. . . (တင်ပါ့)။

ဟိုလူက အလယ်လိုင်းတာဝန် မင်း မင်း မေတ္တာပို့နေတယ်၊ မေတ္တာပို့ပေမယ့် ငါက ထော်လော်ကန့်လန့်ချည့် လုပ်ချလိုက်မယ်. . . (မှန်ပါ့)။

## မေတ္တာပို့ရင်း ဒုက္ခဝေဒနာ

မင်း မေတ္တာပို့ရင်းကို ဒုက္ခဝေဒနာ ရရမယ်၊ မင်းနေရာ

အကြောင်းပဲ ခင်ဗျားတို့ကလည်း မောင်နိုင်ရေ၊ ဗြုန်းခနဲတော့ ဖြင့် ဒီလိုမလုပ်ပါနဲ့၊ ကျုပ်က ဖြေးဖြေးကြွပြီး၊ မပေးပါ့မယ်ဆို ပြီး သာသာထိုးထိုးများလုပ်နေသေးတယ်၊ ဘယ်လောက်များ အရုပ်ဆိုးနေတယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ပို့လိုက်တဲ့မေတ္တာလည်း မပြောပါနဲ့၊ တားလိုက်တဲ့ ပရိတ် ဒီကြားထဲက ကန့်လန့်လုပ်နေတာပဲ သူကလည်း. . . (မှန်ပါ)၊ ခင်ဗျားတို့ပို့လိုက်တဲ့ မေတ္တာတွေကလည်း နေ့မအား ညမအား မလုပ်ကြဘူးလား. . . (လုပ်ပါတယ်ဘုရား)။

ဟာ အော်ကြီးဟစ်ကြီး လောကကြီးက အန္တရာယ် ဘေးက များလေလေ ဟုတ်လား၊ ကြီးလေလေ သာကြီးကျယ် လေလေ၊ အဟ်အဝေရောဟောတု မလုပ်ဘူးလား လုပ်လား . . . (လုပ်ပါတယ်ဘုရား)။

လုပ်သာလုပ်တယ်သူက ဟောဒီလုပ်ရင်းမတ္တနဲ့ ကာယ က ဒုက္ခနှိပ်စက်လိုက်ပြန်တယ်၊ နာလို့ ကြင်လို့ ပြောင်းရပြီ ဘယ့်နှယ်တုံး အန္တရာယ်ကင်းကြရဲ့လား. . . (မကင်းပါဘူး ဘုရား)။

အဗျာပဇ္ဇောဟောမိ- ကြောင့်ကြခြင်းကင်းရပါလို၏၊ အို. . . ကြီးကျယ်လျက်ပါဆိုကတည်းက ကြောင့်ကြလျက်ပါ၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ကဲ- ဘာဖြစ်နေနေ၊ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခကလက်ခံမလား၊ မခံဘူးလား. . . (လက်ခံပါတယ်ဘုရား)၊ ခံနေပြီသူက ခင်ဗျားတို့က မေတ္တာပို့တုန်း။

## ဓာတ်စာနဲ့ကျွေးရ

မောင်နိုင်တို့ ဦးလှဘော်တို့ ဒီတစ်ခါ ဥတုရာသီက မကောင်းဘူး၊ ကြိုက်တာလေး ချက်ကျွေးနေပါ့မယ်ဆိုပြီး ဓာတ်စာသဘောနဲ့ ကျွေးနေလိုက်သေးတယ်၊ မကျွေးဘူးလား. . . (ကျွေးပါတယ်ဘုရား)။

ကျွေးတော့ သူက အံမာ ဝမ်းနာတယ်၊ ခါးနာတယ်၊ ရင်နာတယ်၊ ရင်ကျပ်တယ်နဲ့ လုပ်ပြီ၊ မဖောက်ဘူးလား၊ ဖောက်လား. . . (ဖောက်ပါတယ်ဘုရား)။

ဖောက်ချင်လို့ ဖောက်တာလား၊ သူက သေသေချာချာ လက်ခံလို့ဖောက်တာလား. . . (လက်ခံလို့ ဖောက်တာပါ ဘုရား)၊ အဲတော့ ကျွေးရှင် မွေးရှင် ကန့်လန့်လုပ်တာတော ခင်ဗျားတို့က မစက်ဆုပ်ဘူး၊ မက်နေတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘာတုံးဗျ. . . (ကျွေးရှင် မွေးရှင် ကန့်လန့်လုပ်နေတာ ပါဘုရား)၊ ကန့်လန့်လုပ်နေတာ ခင်ဗျားတို့ တော်ပြီကွာ၊ ...

ဆုပ်ပြီကွာ၊ ဒီသား ဒီသမီး မမွေးချင်ဘူးကွာ၊ ဒီလိုလာရမှာ၊ ဒီအမြင် မြင်ရမှာ မမြင်နိုင်ရှာဘဲ ဖြစ်နေတာက ထူလိုက်တာ အလိုက်တာက လွန်နေတာပဲ ပေါ်ပလား. . . (ပေါ်ပါပြီ ဘုရား)။

ကဲ သစ္စာမမြင်ဘူးဆိုတာ ဦးခင်မောင် ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ လွဲချတယ်၊ ဘယ်သူမကောင်းလို့ ကျုပ် ဒီလိုဖြစ်ရတာ လွဲချတာ သူမကောင်းလို့ကို မပါဘူး. . . (တင်ပ့ါ)။

သူ့ကျတော့ လွဲလိုက်တာ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)၊ ဆွေမကောင်းလို့၊ မျိုးမကောင်းလို့၊ ဆေးမကောင်းလို့ ဥတုမကောင်းလို့ လွဲချတာပဲ၊ သူမကောင်းလို့ကို တစ်ခါမှမပါ ဘူး. . . (မှန်လှပါ)။

သူ့တော့ တစ်ခါတည်း အိမ်ဦးခန်းကထား ကိုးကွယ် တော့မယ့်ပုံပေ့ါဗျာ. . . (တင်ပ့ါ)၊ ဒီခန္ဓာကြီးတော့ တစ်ရာ့ ခြောက်ဆယ်က သားဆိုး သမီးဆိုး တစ်ရာ့ခြောက်ဆယ်က အိမ်ဦးခန်းကထား ကိုးကွယ်တော့မယ့်ပုံလုပ်နေ။

## ဘယ်သူ့စက်ဆုပ်ရမှာတုံး

သူ့ စက်ဆုပ်ရမယ် စက်ဆုပ်ရမှာက ကဲ ကိုမြစိန် ရိပ်မိ ပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ဘယ်သူ့ စက်ဆုပ်ရမှာတုံး

. . . (ခန္ဓာငါးပါး စက်ဆုပ်ရမှာပါဘုရား)၊ ပေါင်းလိုက်တော့ တစ်ရာ့ခြောက်ဆယ်. . . (မှန်ပါ့)။

ဒီတော့ ဘယ့်နှယ့်ကြောင့် စက်ဆုပ်စရာတုံးဆိုတော့ ကိုးဆယ့်ခြောက်ပါးသော ဘေးရောဂါတို့ ဦးခင်မောင် ဝေဒနာ ကျွန္ဓာ. . . (မှန်ပါ့)။

ပြီးတော့ ကျွေးရှင် မွေးရှင်များ ငဲ့သေးသလား. . . (မငဲ့ ပါဘူးဘုရား)၊ မငဲ့ပေမယ့် ခင်ဗျားတို့က မစက်ဆုပ်တာ ခက် တယ်။

သူ့နာမည်အရင်းက ဘာတုံး. . . (စက်ဆုပ်စရာ၊ အသုံးမကျတာအမှန်ပါဘုရား)၊ စက်ဆုပ်စရာတင် ထားပါဦး တော့၊ ဒီနေ့ စက်ဆုပ်စရာနဲ့ပဲ ဇာတ်သိမ်းမှာပါပဲ. . . (တင်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

အသုံးမကျတာ မထည့်နိုင်ဘူး၊ နာရီက စေ့သွားမှာကိုး၊ ကဲ စက်ဆုပ်စရာကိုပဲ ကဲ မောင်မြစိန်တို့ ဦးမောင်နက်တို့က အကဲခတ်ကြည့် ဟုတ် မဟုတ်. . . (ဟုတ်ပါတယ်ဘုရား)။

ကိုယ်က အင်း မျက်စဉ်းနဲ့ မျက်လုံးနဲ့ ဟုတ်လား၊ ရေခွက်နဲ့ အမျိုးမျိုး အဖုံဖုံ လုပ်ပေးရတယ်။

ဒီထဲက မျက်လုံးမွဲလာတယ်၊ ဒီထဲက ငါ့အလို လိုက် လား၊ လက်ခံလိုက်တာသူက ဟုတ်လား။

သူ့ဟာနဲ့သူ မင်းတို့ မင်းတို့နဲ့ ငါနဲ့တည့်အောင် နေပ့ါမယ်လို့ ပါသလား. . . (မပါ ပါဘူးဘုရား)၊ စက်ဆုပ်စရာချည့် မလုပ်ဘူးလား. . . (လုပ်ပါတယ်ဘုရား)။

## အမှန်သဘောနဲ့ ဉာဏ်သဘော

အဲဒီ စက်ဆုပ်စရာကို ခင်ဗျားတို့က ခန္ဓာက စက်ဆုပ်စရာလို့ အမှန်သဘောနဲ့ပြနေတယ်၊ ဒီက ဉာဏ်သဘောက ခင်စရာ၊ မင်စရာဖြစ်နေတယ်၊ မအိုသေးပါဘူးထင်နေတယ်၊ အရွယ်တင်ပါသေး ဖြစ်မှ ဖြစ်ရပလေ။

အင်း. . . သွားလို့ လာလို့လည်း ပေ့ါပေ့ါပါးပါးရှိသေးတယ်၊ ဒီလိုဖြစ်နေတာပဲ၊ ညောင်းတာ ညာတာလည်း အကုန်ပျောက်၊ ဟုတ်လား။

ဟိုက လဲတော့မယ်လို့ သေမလို့ ခဏခဏပြောတာပျောက်များနေသေးတယ်၊ ဟိုက ပင်ကိုက ခဏ ခဏ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)၊ ပြောတယ်။

ထမင်းဆာလှပြီ ကျွေးရင်ကျွေး၊ မကျွေးရင် ထိုးလှဲမယ် ပြောတယ်၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)၊ ရေဆာလှပြီ၊ တိုက်ရင် တိုက် မတိုက်ရင် ဒီနေရာတင် ခံလိုက်တော့မယ် မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ခဏ ခဏ တောင်းပန်မနေရဘူးလား ... (တောင်းပန်နေရပါတယ်ဘုရား)၊ ဘယ်လောက် စက်ဆုပ်စရာ ကောင်းတုံး. . . (ကောင်းပါတယ်ဘုရား)။

အဲဒီ စက်ဆုပ်စရာ ခင်ဗျားတို့က မမြင်ဘူး၊ ဦးခင်မောင်ကြီးတို့ ထူပုံပြောတာပါ. . . (မှန်လှပါ)၊ မထူဘူးလား . . . (ထူပါတယ်ဘုရား)။

ဒီကြားထဲ ပါသေးသလား. . . (မပါပါဘုရား)၊ အို. . ဒီကြားဖြင့် မပြောလောက်ပါဘူးဆိုပြီး ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

## စက်ဆုပ်စရာလို့ မြင်အောင်ကြည့်

ဒါဖြင့် ဒီ အကဲခတ်ဆိုတာ အမှန်ဟုတ်လား၊ ယောဂီသမားက ဒီဉာဏ်နဲ့ ကြည့်ရမယ်၊ ဉာဏ်နဲ့ ကြည့်တဲ့အခါ စက်ဆုပ်စရာ မြင်အောင်ကြည့်ရမယ်၊ သစ္စာသဘောက. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်လိုကြည့်ရမတုံး. . . (စက်ဆုပ်စရာဖြစ်အောင် ကြည့်ရမှာပါဘုရား)၊ စက်ဆုပ်စရာလို့ မြင်အောင်ကြည့်ရမယ်၊ စက်ဆုပ်စရာလို့ မြင်အောင်ကြည့်ရမှာ ခင်ဗျားတို့က ချစ်စရာ၊ ခင်စရာ၊ မင်စရာ၊ အားကိုးစရာလုပ်နေတယ်။

## အပါယ်တံခါးနဲ့ တည့်တာချည်းပဲ

မမြင်နိုင်သေးလို့ မကယ်နိုင်သေးပါဘူး၊ နောက်ဘဝကံတွေကလည်း တော်တော်များထင်ပါရဲ့၊ လုပ်လိုက် အပါယ်တံခါးနဲ့ တည့်တာချည့်ပဲ၊ အံ့မယ် ဖြစ်လိုဖြစ်ငြား ကျေနပ်နေလိုက်တာ၊ စိတ်ထဲမှာမပြောပါနဲ့တော့၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

သေချာစဉ်းစားတော့ သူ့ဘယ်လိုမြင်ရမှာတုံး. . . (စက်ဆုပ်စရာလို့မြင်ရမှာပါဘုရား)၊ စက်ဆုပ်စရာလို့ မြင်ရမယ်။

ခင်ဗျား သားလေးတစ်ယောက် ဦးခင်မောင် သားလေးတစ်ယောက်ဖြစ်စေ၊ ကိုမြစိန် သားလေးတစ်ယောက်ဖြစ်စေ၊ ဆိုးလိုက်တာလည်း တေလို့၊ ခိုးလိုက်တာကလည်း လွန်လို့၊ အမေမိဘကလည်း ထော်လော်ကန့်လန့်ပဲ၊ ကဲ- စက်ဆုပ်စရာကောင်းလိုက်တာ သွားတော့ကွာ. . . (တင်ပါ့)။

ဒီလိုမြင်နိုင်တဲ့အချိန် ဉာဏ်ကလာရမှာ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ တော်ပြီဆိုတော့ သွားတော့ကွာဆိုတော့ မင်းနဲ့မပေါင်းတော့ဘူးပြောတာ. . . (မှန်ပါ့)။

ဒုက္ခပိုင်းခြားချလိုက်တာ ဒီလိုလုပ်ရမှာ ဒုက္ခသစ္စာပိုင်းခြားတယ်ဆိုတာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ခန္ဓာနဲ့ ဉာဏ်နဲ့ ကွဲနေရမယ်

ခန္ဓာနဲ့ ဉာဏ်နဲ့ကို အခုကိုက ကွဲနေရမှာ. . . (တင်ပါ့)၊ ခန္ဓာက သူ့သဘော ဟုတ်လား. . . (တင်ပါ့)၊ ဉာဏ်က သူ့သဘောအတိုင်း သူနေတဲ့အတွက် ဂရုမစိုက်တဲ့သဘောနဲ့ နေရမယ်. . . (မှန်ပါ့)။

ကဲ- ဒါ ဒကာ ဒကာမတွေက ထုံလိုက်တဲ့ဖြစ်ခြင်း၊ ထူလိုက်တဲ့ဖြစ်ခြင်းက ဟိုက ကန့်လန့်လုပ်လေ၊ ကိုယ်က ဦးတင်လေဖြစ်နေတယ်. . . (မှန်ပါ့)၊ ဗြုန်းခနဲဆို ထိုးမလှဲလိုက်ပါနဲ့။

ဒီသား ဒီ သမီးနဲ့ မခွဲပါရစေနဲ့ ဟုတ်လား. . . (မှန်ပါ့)၊ အံမာ သူက ထိုးလှဲမယ်ဆိုပေမယ့် ဦးတင်သလိုဖြစ်နေတာ၊ စက်ဆုပ်စရာလို့ ယူသေးရဲ့လား. . . (မယူပါဘူးဘုရား)။

## ကိုးကွယ်စရာလို့ ယူထားတယ်

ကိုးကွယ်စရာလို့ ယူထားတယ်. . . (မှန်ပါ့)၊ ဖြစ်မှဖြစ်ရလေ၊ ဦးဘတင် ဘယ်လိုများယူထားတုံး. . . (ကိုးကွယ်ရာအဖြစ်ပါဘုရား)။

ပင်ကိုသဘောက ဘာတုံး. . . (စက်ဆုပ်စရာပါဘုရား)၊ ကိုယ့်အယူက. . . (ကိုးကွယ်စရာပါဘုရား)၊ သွားပါပြီ သွားပြီ၊ ဒါကြောင့် သံသရာရှည်တာကိုးဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ရှည်သင့် မရှည်သင့်. . . (ရှည်သင့်ပါတယ်ဘုရား)၊ ဘုရားက ဘာတဲ့. . . (စက်ဆုပ်စရာပါဘုရား)၊ စက်ဆုပ်စရာခင်ဗျားတို့က. . . (ကိုးကွယ်ရာပါဘုရား)။

ဟာ. . . ကိုယ့်ကိုယ်ကို အားကိုးရတာပဲဆိုတာ၊ ကိုးကွယ်တာဗျ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ကိုယ့်ကိုယ်ကို အားကိုးရတာပေါ့ဆိုတော့ ဘာတုံး. . . (ကိုးကွယ်တာပါဘုရား)၊ ကိုးကွယ်တာပဲ။

ကိုယ့်ကိုယ်ကို အားကိုးတာပဲဆိုတာကိုးဗျ၊ ဟုတ်ဘူးလား ကိုယ့်ကိုယ်ကို ကိုးကွယ်နေတာ. . . (တင်ပါ့)၊ ဒါကြောင့် ကိုယ်မရှိ အမိတော်ခဲ သားတော်ခဲ၊ ကိုယ့်ကိုယ်ကို ကိုးကွယ်နေတာ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

## သူ့ပင်ကိုနာမည်အရင်းက ဘာတဲ့

ဘယ်လောက်ထိအောင်ဆိုတော့ သူက သူ့ပင်ကိုသဘောက နာမည်အရင်းမေးကြည့်ပါဦး ဘာတဲ့. . . (စက်ဆုပ်စရာပါဘုရား)၊ စက်ဆုပ်စရာတင်မကပါဘူး၊ ဦးခင်မောင်ကြီးရ၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

စက်ဆုပ်စရာဆိုလို့ရှိရင် စွန့်ပစ်စရာမှန်လှပါ၊ ညာဏ်က စက်ဆုပ်စရာ သူကပြနေရင် ကိုယ်က ဘယ့်နှယ့်လုပ်ရမတုံး . . . (စွန့်ပစ်စရာပါဘုရား)၊ စွန့်ပစ်စရာအဖြစ် ဒုက္ခပိုင်းခြားလိုက်တာပဲ. . . (တင်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

စက်ဆုပ်စရာဆိုတဲ့သဘောသည်ကားလို့ဆိုရင်၊ ကဲ ဒီ လောက်တောင်စက်ဆုပ်စရာဆိုလို့ရှိရင်ဖြင့် နှပ်ကလေး နှာ ခေါင်းထဲက ထွက်လာတယ်၊ အင်း စက်ဆုပ်စရာဆိုလို့ရှိရင် ဖျပ်ခနဲ ပစ်လိုက်တယ်၊ မပစ်ကြဘူးလား. . . (ပစ်ပါတယ် ဘုရား)။

ကျင်ကြီး စွန့်ပြီးပြီဆိုရင် ချက်ချင်း ဒီအိမ်သာထဲက ထွက်ချင်တယ်၊ ဘာပြုလို့တုံး. . . (စက်ဆုပ်စရာမို့လို့ပါဘုရား)။ ဒီလို သွားရမှာကိုး။

ခင်ဗျားတို့က သိမ်းပိုက်နေတော့ ဘယ့်နှယ်ဖြစ်နေကြ တုံး၊ ဒုက္ခပိုင်းခြား စွန့်ပစ်သေးရဲ့လား၊ ဒုက္ခသိမ်းပိုက်နေသလား လို့. . . (ဒုက္ခသိမ်းပိုက်နေပါတယ်ဘုရား)။

## အဲဒါကြောင့် နိဗ္ဗာန်မရတာ

ကဲ- ကိုမြစိန်တို့ ဦးမောင်နက်တို့ အဲ့ဒါကြောင့် နိဗ္ဗာန် မရတာ၊ ဒုက္ခ ပိုင်းခြားရမှာ၊ ဒုက္ခသိမ်းပိုက်နေလို့ သဘောပါကြ ပလား. . . (ပါပါတယ်ဘုရား)။

ဘယ်လိုများ ပါကြတုံး. . . (ဒုက္ခသိမ်းပိုက်ထားပါတယ် ဘုရား)၊ သိမ်းပိုက်ထားတယ်၊ ဒါဖြင့် ဒုက္ခသိမ်းပိုက်တဲ့ပုဂ္ဂိုလ် ဆိုလို့ရှိရင် ဘဝတဏှာ သေသေးရဲ့လားလို့ မေးရင် . . . (မသေပါဘူးဘုရား)၊ မသေတော့ဘူး။

ဒီဟာကြီးနဲ့ မခွဲပါရစေနဲ့ ဟုတ်လား၊ အိုအောင် မင်းအောင် နေပါရစေ၊ အိုအောင် မင်းအောင်တဲ့. . . (မှန်ပါ့)၊ သူ့အသံလေးက မသာလားဗျာ သေတတ်တယ်ပါဖူးသလား . . . (မပါဘူးပါ)။

သေတတ်တာနဲ့ပဲ ပေါင်းပါရစေ၊ အတော်လောကွတ်ကောင်းနေ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ အိုအောင် မင်းအောင် နေပါရစေဆိုတာ အိုတတ်တာနဲ့ ပေါင်းပါရစေ၊ နာတတ်တာနဲ့ကော. . . (ပေါင်းပါရစေပါဘုရား)၊ သေတတ်တာနဲ့ကော. . . (ပေါင်းပါရစေပါဘုရား)။

ဘယ့်နှယ့် အကောင်းများရှိတုံးဗျ၊ ခင်ဗျားတို့က အိုနာသေဆိုတော့ စွန့်ပစ်ရမယ်နော်၊ ကြောက်ရမယ်၊ လန့်ရမယ်၊ ဒါမျိုးဖြင့် မတွေ့ပါရစေနဲ့ ဒီလိုလုပ်ရမယ်. . . (မှန်ပါ့)။

ခင်ဗျားတို့က အိုအောင် မင်းအောင်. . . (ပေါင်းပါရစေ)၊ ပေါင်းပါရစေ၊ နေပါရစေ ဟုတ်လား၊ အသက်တိုတော့ ကံဆိုးရှာတယ်၊ ခက်လိုက်တဲ့ဖြစ်ခြင်းမှ သူ့သဘောက ဘယ်လိုနည်းနဲ့မှ အိုတတ် မင်းတတ်တဲ့သဘော သူ စွန့်ရဲ့လား. . . (မစွန့်ပါဘူးဘုရား)။

အိုတတ်၊ နာတတ် သေခါနီးဖြစ်တတ်တဲ့ သဘောကလေး သူစွန့်ရဲ့လား. . . (မစွန့်ပါဘူးဘုရား)၊ ဒါက သူ့ပင်ကိုသဘောနော်. . . (မှန်ပါ့)။

ကိုးဆယ့်ခြောက်ပါးဘေးရောဂါကို ဘယ်ဟာကို သူ ငြင်းပယ်တယ်လို့ ထုံးစံရှိရဲ့လား. . . (မရှိပါဘူးဘုရား)၊ ဒီ တစ်ရာ့ခြောက်ဆယ်က ရှိကြရဲ့လား. . . (မရှိပါဘူးဘုရား)။

အဲဒါတွေက အကုန်လက်မခံဘူးလား. . . (လက်ခံပါတယ်ဘုရား)၊ လက်ခံရုံတင်မကဘူး သူ့အထဲကကိုက လောကွတ်ချော်ပြီး ပေါက်ပွားလာသေးတယ်။

သူက အနာပေါက်လို့ရှိရင် ဘေးက အညော်ကနေပြီး ကူနေတာ သူ ထပ်ပေါက်လာတဲ့အနာကိုးဗျ. . . (မှန်ပါ့)၊ သွေးစုနာ ဘယ်ကပေါက်လာတုံး သွေးတွေစုပေါက်တာပေါ့ ရိပ်မိပလား. . . (မှန်ပါ့)။

## တစ်ရာ့ခြောက်ဆယ်ထဲက ဒါတွေပေါက်တာ

သွေးစုနာ ဘယ်ကပေါက်တုံး. . . (သွေးတွေစုပေါက်ပါတယ်ဘုရား)၊ သွေးတွေ စုပေါက်တယ်၊ အင်း ဒါ ဘယ်အထဲက ပါလိမ့်မတုံး ဒီတစ်ရာ့ခြောက်ဆယ်ထဲက စုပေါက်တယ် . . . (တင်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဝက်ခြံ ဘယ်ထဲကနေပြီး ပေါက်ပါလိမ့်. . . (ဒီသွေးတွေထဲကပါ)၊ ဒီတစ်ရာ့ခြောက်ဆယ်ထဲက စုပေါက်တာပဲ. . . (မှန်ပါ့)၊ ကြွက်နို့တွေ ဘယ်ထဲကနေပေါက်ပါလိမ့်. . . (တစ်ရာ့ခြောက်ဆယ်ထဲကပါဘုရား)၊ သဘောကျပလား. . . (မှန်ပါ့)။

ဒါဖြင့် သူက စက်ဆုပ်စရာ ဟုတ် မဟုတ်. . . (ဟုတ်ပါတယ်ဘုရား)၊ သဘောကျပလား. . . (တင်ပါ့)၊ စက်ဆုပ်စရာ ဟုတ်ပါလျက်နဲ့ ခင်ဗျားတို့က စက်ဆုပ်စရာပြောလေလေ၊ ကိုယ်က ဦးတင်ပြီးသကာလ ဆေးရှာလေလေ၊ ပူဇော်ချင်လေလေဖြစ်လာတာပဲ. . . (မှန်ပါ)။

## ပူဇော် ပသချင်ကြတယ်

စက်ဆုပ်စရာဘက် သွားသလား၊ ပူဇော်ချင် ပသချင်တဲ့ဘက်က များနေသလား. . . (ပူဇော်ချင်၊ ပသချင်တဲ့ဘက်က များနေပါတယ်ဘုရား)။

တယ်လဲကြည်ညိုရင်းစွဲဖြစ်နေတာကိုးဗျ. . . (မှန်လှပါ)၊ မတတ်နိုင်ဘူး ဘယ့်နှယ့်ဖြစ်နေကြတုံး၊ မိဘရိုးရာဖြင့် ကြည်ညိုရင်းများ ဖြစ်နေကြလား၊ ခင်ဗျားတို့ လူစု ဘယ့်နှယ့်ဖြစ်နေကြတုံး. . . (ကြည်ညိုရင်းစွဲပါဘုရား)။

ကြည်ညိုရင်းစွဲဖြစ်နေ ခက်နေလိုက်တာ အဲတော့ စက်ဆုပ်စရာလို့မြင်ရမယ်လို့ ဘုရားကဟောတယ်. . . (မှန်ပါ့)။ ဦးခင်မောင် မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

ကဲ- ကိုမြစိန်တို့ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)၊ ဦးမောင်နက်တို့ ဘယ့်နှယ့်ဟောထားတုံး. . . (စက်ဆုပ်စရာလို့ ဟောပါတယ်ဘုရား)။

ဒု ကုစ္ဆိတံ တဲ့ ဘုရားက ဒု- ဆိုတာသည် စက်ဆုပ်စရာ တဲ့၊ စက်ဆုပ်စရာကို စက်ဆုပ်စရာလို့ မြင်ရမှာ ခင်ဗျားတို့က စက်ဆုပ်စရာပြလည်း မစက်ဆုပ်တဲ့အပြင်မှာ ပိုကြည်ညိုနေ တယ်. . . (တင်ပါ့)။

ဟင် ငိုတတ်တဲ့ကလေး နို့စို့ရတယ်ဆိုသလိုပဲ သူက အနာပေါက်လေလေ၊ ကိုယ်က ကြည်ညိုရင်းစွဲသန်လေလေ ဖြစ်နေတယ် ဟုတ်ဘူးလား. . . (မှန်ပါ့)။

အို. . . လူမသေ ငွေမရှားပေါ့ ကိုယ်မွဲချင် မွဲပါစေ မနှမြောပါဘူး၊ သူ့နှမြောနေတယ်၊ ဘယ်သူ့နှမြောနေတုံး. . . (သူ့နှမြောနေပါတယ်ဘုရား)၊ သူဆိုတာ ဘယ်သူပါလိမ့်. . . (တစ်ရာ့ခြောက်ဆယ်ပါဘုရား)။

## နှမြောတာနဲ့ စက်ဆုပ်စရာ

တစ်ရာ့ခြောက်ဆယ် သားဆိုးကြီးကို. . . (မှန်ပါ့)၊ နှမြောနေတယ်. . . (မှန်ပါ့)၊ အဲ စက်ဆုပ်စရာရယ်လို့ ယူသေး ရဲ့လား. . . (မယူပါဘူးဘုရား)၊ နှမြောတာနဲ့ စက်ဆုပ်တာနဲ့ တခြားစီကိုး. . . (မှန်ပါ့)၊ ပေါ်ကြပလား. . (ပေါ်ပါပြီဘုရား)။

နှမြောတာက သိမ်းပိုက်ချင်တာ. . . (မှန်ပါ့)၊ စက်ဆုပ် စရာက စွန့်ပစ်ချင်တာ. . . (မှန်ပါ)။

ခင်ဗျားက ဒီဥစ္စာကို စက်ဆုပ်စရာဆိုတော့ စွန့်ပစ်ချင် တဲ့သဘောရှိရမယ်လို့ပြောတာ၊ စွန့်ပစ်ချင်တယ်ဆိုတော့ ဒုက္ခ

ပိုင်းခြားပစ်လိုက်တာ၊ ဒုက္ခနဲ့ မနေတော့ဘူး၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒီလိုသုံးရမှာ ခင်ဗျားတို့က သူက ဝေဒနာအမျိုးမျိုး လက်ခံလေလေ ခင်ဗျားတို့က ကန်တော့ပွဲရှာလေလေဆိုတော့ ဦးခင်မောင် ဘယ့်နှယ်ဖြစ်နေတုံး. . . (ကန့်လန့်ကြီးပါဘုရား)၊ ကန့်လန့်ကြီး။

ဒါ အပြစ်က မသိသေးဘူးကွ၊ သိပလား. . . (မသိသေးပါဘူးဘုရား)၊ သစ္စာသိရင် တစ်ခါတည်း ကိစ္စပြီးတာပေါ့. . . (မှန်ပါ့)၊ သစ္စာမသိသေးဘူး မောင်သစ်တို့ ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)။

## ကန်တော့ပွဲရှာလေလေ

သူက ခုနက ဝေဒနာတွေက အမျိုးမျိုး၊ သူက ဒုက္ခသဘောစက်ဆုပ်စရာ သဘော သူက ပြောလေလေ၊ ဟိုကိုမြစိန်တို့ လူစုက ကန်တော့ပွဲရှာလေလေ ဟုတ်မဟုတ်. . . (ဟုတ်ပါတယ်ဘုရား)။

ဒီ ဆရာဝန်မှ တော်မယ်ထင်တယ်ဟုတ်လား. . . (မှန်ပါ့)၊ ဘယ်ဆေးနဲ့ ဘယ်ဆရာနဲ့မှ တော်မယ်ထင်တယ်၊ မလာဘူးလား လာလား. . . (လာပါတယ်ဘုရား)။

သူ့ စက်ဆုပ်သလား၊ ပူဇော်ချင်သလားတဲ့. . . (ပူဇော်ချင်ပါတယ်ဘုရား)၊ နိဗ္ဗာန်ရောက်မှာက သူ့စက်ဆုပ်မှ. . . (တင်ပါ့ဘုရား)၊ ဘာဖြစ်တုံး. . . (နိဗ္ဗာန်ရောက်မှာပါဘုရား)။

## သူ့စက်ဆုပ်မှ တဏှာသေမယ်

စက်ဆုပ်မှ သူ့ခင်တွယ်တဲ့ တဏှာသေမယ်၊ တဏှာချုပ်မှ ဥပါဒါန်ချုပ်မယ်. . . (မှန်ပါ့)၊ ဥပါဒါန်ချုပ်တော့ ကံတွေကော ဘယ့်နှယ်နေတုံး. . . (ချုပ်ပါတယ်ဘုရား)။

စက်ဆုပ်တဲ့ပုဂ္ဂိုလ်တွေတော့ ချုပ်မယ်တဲ့ . . . (မှန်ပါ့) ပူဇော်ချင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ . . . (မချုပ်ပါဘူးဘုရား)။

ပူဇော်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ခင်လွန်းလို့ ပူဇော်တော့ တဏှာ၊ ဥပါဒါန်၊ ကာယကံ၊ ဝစီကံ၊ ဇာတိ နောက်က ခန္ဓာပြန်လာတယ်. . . (မှန်ပါ)၊ မလာဘူးလား၊ လာလား. . . (လာပါတယ်ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကိုယ့်ခန္ဓာက အမှန်ပြလို့ရှိရင် ကိုယ့်ဉာဏ် အရှုသမားက ချော်နေတယ်၊ ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

## ခန္ဓာက အမှန်သဘောပြောတယ်

ခန္ဓာက အမှန်သဘောတော့ ပြောတယ် . . . (ပြောပါတယ်ဘုရား)၊ မပြဘူးလား. . . (ပြပါတယ်ဘုရား)၊ သူက မှန်တာ အမှန်ပြောတာ မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

အမှန်ဆိုတာ ခင်ဗျားတို့နာမည်ပေးထားတဲ့အတိုင်း သူက ဘယ်နေရာ ဘာရှိတယ်လို့ သူ့သဘောအကုန်ပြောတာ ပဲ. . . (မှန်ပါ့)၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ခန္ဓာကတော့ အမှန်ပြောတာပဲတဲ့ အကြည့်သဘောက သူက အမှန်ပြောလေလေ ကိုယ်က မကျေနပ်လေလေ၊ ပူဇော် ချင်လေလေ နှမြောလေလေ ဒီခန္ဓာကြီးကို ဒီလို မလာကြဘူး လား. . . (လာပါတယ်ဘုရား)။

အဲ့တာကြောင့် ဒါမမြင်သေးရင် ဒီ အနိစ္စနဲ့၊ ဒုက္ခနဲ့၊ အနတ္တနဲ့ နိဗ္ဗာန်မရောက်သေးဘူးလို့၊ သူ့ စွန့်ပစ်ချင်တဲ့ဉာဏ်ကို လာမှ ဒုက္ခပိုင်းခြားမှာကိုး. . . (မှန်ပါ့)။

စွန့်ပစ်ချင်တဲ့ဉာဏ်မလာသေးရင်. . . (မပိုင်းခြားနိုင် သေးပါဘုရား)၊ မပိုင်းခြားနိုင်သေးဘူး၊ မပိုင်းခြားနိုင်သေးတော့ သောတာပန်စခန်းကို ဘယ်လိုလုပ်တက်မတုံး. . . (မတက်နိုင် ပါဘူးဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပြောဆရာနဲ့ ဟောဆရာနှစ်ခုကိုက်ပါစေ

ဩော်. . . ဒီ သူ့စိတ်အထင်ကဖြင့် နာမည်နဲ့သူနဲ့ အလိုက်ဖြစ်အောင်ကို ဒါကြောင့် ခုနက စကားနှစ်ခွန်း တင် ထားခဲ့တယ်။ ဟုတ်လား ပြောဆရာနဲ့ ဟောဆရာ နှစ်ခုကိုက် ပါစေနော်. . . (မှန်ပါ့)၊ မပြောထိုက်ပေဘူးလား. . . (ပြော ထိုက်ပါတယ်ဘုရား)။

## ပြောတာက ဘုန်းကြီး၊ ဟောတာက ခန္ဓာ

ပြောတာက ဘုန်းကြီး. . . (မှန်ပါ့)၊ ဟောတာက. . . (ခန္ဓာပါဘုရား)၊ ခုတော့ ခင်ဗျားတို့က ပြောတာတော့ ဘုန်းကြီးတော့ သဘောကျတယ်၊ ဟောတဲ့ခန္ဓာကျတော့ တပေါက်တလွဲမြင်တယ်. . . (မြင်ပါတယ်ဘုရား)။

စွန့်ပစ်ရမယ်၊ စွန့်ပစ်ရမယ့်ဉစ္စာ ခင်ဗျားတို့က ဒီပဲ ပြန်လာတယ်. . . (မှန်ပါ့)၊ ဘယ့်နှယ့်ဖြစ်နေတုံး. . . (ပြန်လာပါတယ်)၊ ပြန်ပြန်ဖြစ်နေတယ်။

ဒုက္ခဆိုတာ ပိုင်းခြားပြီးတော့ ညီညီညွတ်ညွတ်လုပ်ရမှာ. . . (မှန်ပါ့)၊ အသေခံကို မပေါင်းတော့ဘူးချည်း ဉာဏ်နဲ့ ဒီလိုထားရမှာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ခုတော့ အတူနေလေ အိုအတူနေဆိုတော့ ယုယတယ်၊ သားတောင် မြေးဘက်က ပိုခင်တယ်၊ ဒီထက်နီးတာ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဒါဖြင့် သူ့အခင်ဆုံးပေါ့. . . (မှန်ပါ့)၊ ဒါဖြင့် အတ္တသမာပေမံ နတ္ထိ ဒီ ပါဠိဆိုက်လာတာကိုးဗျ၊ ရိပ်မိပလား။

အတော်ဆိုးနေတာ. . . (ဆိုးပါတယ်ဘုရား)၊ ဉာဏ်များလှည့်မိကြရဲ့လား. . . (မလှည့်မိပါဘူးဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကြိုက်တာသိတယ်ဆိုတာ စာဖတ်တတ်တာသိတာ၊ ဉာဏ်သိမဟုတ်ဘူး. . . (မှန်ပါ့)။

## ခန္ဓာပြောတဲ့အသိက ကျန်နေတယ်

ဆရာ့တာဝန်သည် ဆရာဟောလို့သိတာက တစ်သိ၊ ခန္ဓာက ပြောလို့အသိ ကျန်နေတယ်၊ ခင်ဗျားတို့. . . (ကျန်ပါတယ်ဘုရား)။

ဆရာပြောတဲ့အသိကတော့ တော်တော်နေရာကျနေပါပြီ. . . (မှန်ပါ့)၊ ခန္ဓာကပြောတဲ့အသိက. . . (ကျန်နေပါတယ်ဘုရား)။

ကျန်တယ်တဲ့ အဲဒီ့အသိကလေးတစ်ချက်ကို ဖြည့်ပါတော့၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒီအသိတည့်ရင် ခရီးပေါက်တယ်

ဒီအသိကလေးတစ်ချက်တည့်ရင် ခရီးပေါက်တယ်နော် . . . (မှန်ပါ့)၊ ဒီ အသိကလေးက သစ္စာတရား နာရ၊ သစ္စာတရားကိုယ်တိုင်သိရတော့ သောတာပန်တည်မှာကိုးဗျ၊ နှစ်ချက်တည်းကိုး. . . (မှန်ပါ့)။

သစ္စာတရား နာရတာက ဘုန်းကြီးက ဟောလို့နာရပြီ၊ သစ္စာခန္ဓာက ဟောတာကိုး၊ ဓမ္မာနု ဓမ္မ ပဋိပတ္တိဆိုတာက ခန္ဓာက ပြောတာကို ကိုယ်က သိရဦးမယ်။

အဲ့ဒါသိမှသာလျှင် နေရာကျမယ်ဆိုတော့ ခု ဒကာဒကာမတွေ ဘာကျန်နေတယ်ဆိုတဲ့အချက်ဟာ သိကြရဲ့လား . . . (သိပါတယ်ဘုရား)။

## လိုရင်းကျန်နေတယ်

ဆရာဟောတာတော့ဖြင့် သိပါပြီ၊ ခန္ဓာက ဟောတာ ဖောက်ပြန်နေသေးတယ်ဘုရား၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဆရာဟောတာတော့. . . (သိပါပြီဘုရား)၊ ခန္ဓာက ပြောတာ. . . (ဖောက်ပြန်နေပါတယ်ဘုရား)၊ ဒါဖြင့် လိုရင်း ကျန်နေတာပေါ့၊ ဘာဖြစ်နေတာတုံး. . . (လိုရင်းကျန်နေတာ ပါဘုရား)။

## စိန်ပြုတ်ကျနေတာခက်တယ်

လိုရင်းကျန်နေတယ်ဆိုတော့ ဒကာ ဒကာမတွေ နားကပ်မှာ စိန်ပွင့်တပ်ပြီးသကာလ ဝတ်တော့ စိန်ပွင့် ဝတ် တယ်ဆိုတော့ ရွှေက ဘယ်လောက်မှ အဖိုးတန်တာ မဟုတ်ပဲ ကိုးဗျ. . . (မှန်ပါ့)၊ စိန် ပြုတ်ကျနေတာက ခက်နေတယ်. . . (တင်ပါ့ဘုရား)၊ ရပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘာပြုတ်ကျနေတုံး. . . (စိန်ပြုတ်ကျနေပါတယ် ဘုရား)၊ ရွှေပြုတ်ကျရင် တော်သေးတယ်ဗျ. . . (မှန်ပါ့)၊ ရိပ်မိ ပလား. . . (ရိပ်မိပါတယ်ဘုရား)။

တကယ့် အဖိုးတန် ပြုတ်ကျနေတာ၊ သြော်. . . ခင်ဗျားတို့ ဘာပြုတ်နေလို့ နိဗ္ဗာန်မရောက်တယ်ဆိုတာ ပေါ် ပလား. . . (ပေါ်ပါပြီဘုရား)။

ဘယ့်နှယ် ဆရာဟောတာတော့ဖြင့် ခင်ဗျားတို့သိတယ်၊ ခန္ဓာဟောတာ ကျန်ရစ်တယ်၊ ခန္ဓာဟောကို ခင်ဗျားတို့ အကြည့်မမှန်သေးဘူး. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အကြည့်မှန်ရင် ကိစ္စပြီးပြီ

အကြည့်မှန်တဲ့တစ်နေ့ ကိစ္စပြီးပြီလို့ဆုံးဖြတ်ချက်ချကြမယ်. . . (အကြည့်မှန်တဲ့နေ့ပါဘုရား)၊ အဲ အကြည့်မှန်တာတဲ့။

သူက စက်ဆုပ်စရာချည့် ဖြစ်နေတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သားပေါင်းတစ်ရာ့ခြောက်ဆယ်က ဒီအမေကို ဘယ်လိုပြောမယ်ထင်တုံး. . . (စက်ဆုပ်စရာလို့ပြောမှာပါ)၊ အဲ့ဒါကို ခင်ဗျားတို့က စက်ဆုပ်စရာ စက်ဆုပ်စရာလို့သာ မြင်အောင်ကြည့်။

သူက ဖြစ်ပျက်ပြလည်း စက်ဆုပ်စရာပဲ၊ ဒုက္ခဝေဒနာပြလည်း. . . (စက်ဆုပ်စရာပါဘုရား)၊ အင်း- ကြောက်လို့ အလိုလိုက်တာပြလည်း. . . (စက်ဆုပ်စရာပါဘုရား)။

## တော်ပြီတန်ပြီလို့ ဉာဏ်ကလာလိမ့်မယ်

အလို မလိုက်တာ ပြနေရင်ကော. . . (စက်ဆုပ်စရာပါဘုရား)၊ စက်ဆုပ်စရာချည့်မြင်နေပြီ၊ တော်ပြီ တန်ပြီလို့ ခင်

ဗျားတို့ ဉာဏ်ကလာလိမ့်မယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

တော်ပြီ တန်ပြီလို့ လာတော့ သူ့ကို ဒုက္ခချည်းပဲလို့ သဘောမထားသေးဘူးလား . . . (ထားပါတယ်ဘုရား) အဲဒီ ပိုင်းခြားပြီးကြတဲ့ အခါကျတော့ ဒုက္ခကို ပိုင်းခြားတဲ့ဉာဏ် ရလာလို့ရှိရင်ဖြင့် ဒီဉာဏ်ဟာ မဂ္ဂင်ရှစ်ပါး သွားတွေ့တယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## မဂ္ဂင်ရှစ်ပါးသွားတွေ့တယ်

ဘယ်နှစ်ပါးသွားတွေ့တုံး. . . (မဂ္ဂင်ရှစ်ပါး သွားတွေ့ပါတယ်ဘုရား)၊ မဂ္ဂင်ရှစ်ပါး သွားတွေ့တယ်။

ဒါဖြင့်သူတစ်ပါး ဟောရုံနဲ့လည်းမပြီးဘူး၊ ဒါကြောင့် ဘုရားကနှစ်ချက်ထားခဲ့တာကိုးဗျ ဘုရားဉာဏ်နဲ့နော်. . . (တင်ပါ့)။

## ဒီနှစ်ချက်ကိုက်ရင် သောတာပန်

သစ္စာတရားကိုလည်း ဟောတဲ့ပုဂ္ဂိုလ်နဲ့လည်း ကြုံရမယ်ခန္ဓာကလည်း သစ္စာပြောတဲ့အခါ ပိုင်းခြားရမယ်. . . (တင်ပါ့) ရှင်းပလား. . . (ရှင်ပါပြီဘုရား)။

ဤနှစ်ချက်ကိုက်ရင် ဘာတဲ့တုံး. . . (သောတာပန်ပါဘုရား) သောတာပန် ဖြစ်ရမယ်ဆိုတော့ သောတာပန်ခရီးဟာ ဝေးသလား နီးသလားလို့ဆိုတာ ခင်ဗျားတို့ ယနေ့သိသွားပါပြီ ဝေးသလား၊ နီးသလား. . . (နီးပါတယ်ဘုရား) နီးတယ်။

## စိန်ပြုတ်ကျတာအနာဆုံးပဲ

နီးပေမယ့်လည်း ခုနကလိုရင်း ပြုတ်ကျနေတယ်. . . (လိုရင်းပြုတ်နေပါတယ်ဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)

ဘာပြုတ်ကြနေတုံး. . . (လိုရင်းပြုတ်ကျနေပါတယ်ဘုရား) စိန်ပြုတ်မကျနဲ့ စိန်ပြုတ်ကျတာ အနာဆုံးပဲ ဒီဥစ္စာမှာ ရွှေပြုတ်ကျနေလို့ရှိရင် ရွှေဈေးနဲ့ စိန်ဈေးကအများ ကြီးကွာသေးတာကိုး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲ့တော့ဘာပြုတ်ကျနေတုံး. . . (စိန်ပြုတ်ကျနေပါတယ်ဘုရား) ကဲအခက်ဆုံးပဲ အမွန်းတင်လို့ပြုတ်ကျနေတာ။

ဆရာဟောတာတော့ ဟောရှာတယ်၊ ဟောရှာတယ်လို့ပါးစပ်ကထွက်ထွက်နေတယ်၊ခန္ဓာက ဟောတဲ့အခါကျတော့ စက်ဆုပ်စရာကြီးပါလား. . . သွားတော့ဟဲ့ လာသလား. . . (မလာပါဘူးဘုရား)။

## လိုရင်း ဟာနေတယ်

ဒါဖြင့် လိုရင်း ဟာနေသေးတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဘာဟာနေတုံး. . . (လိုရင်းဟာနေပါတယ်ဘုရား)။

ဒါဖြင့် အိမ်မှာ ဒီပြင်လူစုတွေကတော့ ပြည့်စုံပါရဲ့ အတွင်းပစ္စည်းမရှိဘူးဆိုရင် သွားရုံပဲရှိတော့တယ်။

အင်း - အတွင်းပစ္စည်း မရှိဘူးဆိုရင် ဦးခင်မောင် ဘယ့်နှယ်တုံး . . . (သွားရုံပါဘုရား) အိုတော်ရာသွားနေမယ်၊ အတွင်းပစ္စည်းက ဘာမှမရှိဘူးဆိုလို့ရှိရင်ဖြင့် ဒီအိမ်ဘယ့်နှယ့် လုပ်မတုံး. . . (တန်ဖိုးမရှိပါဘူးဘုရား)။

တန်ဖိုးမရှိဘူးဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား) ကိုင်းဒါဖြင့် ခင်ဗျားတို့မှာ ဘယ်အခြေအနေရောက်နေတုံး. . . (တန်ဖိုးမရှိပါဘုရား) တန်ဖိုးမရှိဘူး ဟုတ်ပ။

ဦးမောင်ငယ်ရ သိပ်ခက်နေပြီ ကဲ. . . ကိုမြစိန် ဘယ့်နှယ်နေတုံး၊ ဒါဖြင့်ကြည့်တိုင်းကြည့်တိုင်း ဘယ်လိုမြင်ရမတုံး . . . (စက်ဆုပ်စရာအဖြစ်မြင်ရမှာ ပါဘုရား)။

ဖြစ်ပျက်မြင်တဲ့အခါတော့ ဖြစ်ပြီးပျက်နေတယ်၊ ဖြစ်ပျက်ချုပ်၊ ဖြစ်ပျက်ချုပ်၊ ဖြစ်ပျက် ပျက်ချင်တာပျက်နေသူ သူမြင်ချင်တာလောက် မြင်မှာပဲ။

အဲဒါ ဪ. . . တကယ်စက်ဆုပ်စရာပါလား၊ တကယ့် စက်ဆုပ်စရာပါလား၊ တကယ့် ဒုက္ခသစ္စာ စက်ဆုပ်စရာပါလားလို့ ခင်ဗျားတို့ ဒီလိုသာမြင်နေလို့ရှိရင် မကြာခင် ပိုင်ခြားတော့မယ် မပိုင်းခြားပေဘူးလား . . . (ပိုင်းခြားပါတယ် ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပိုင်းခြားတဲ့ဉာဏ်ကာမဂ္ဂသစ္စာ

အဲဒီ ပိုင်းခြားပြီးတော့မှ ခင်ဗျားတို့လိုရာ ခရီးကိုရောက်မှာကိုးဗျ. . . (မှန်လှပါ) ပိုင်းခြားလိုက်တယ် ဆိုလိုက်တော့ အပိုင်းအခြား ခံရတာက ဒုက္ခသစ္စာ၊ ပိုင်းခြားတဲ့ ဉာဏ်က. . . (မဂ္ဂသစ္စာပါဘုရား)။

သေတာက. . . (သမုဒယသစ္စာပါဘုရား) သမုဒယ သစ္စာ၊ ပေါ်လာတာက. . . (နိရောဓ သစ္စာပါဘုရား) တစ်ခါ တည်းပြီးသွားတာ၊ ဒီတစ်ခုမြင်တာနဲ့ အကုန်ပြီးတယ် . . . (မှန်လှပါ) မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ဟာလေး လိုရင်းလေးတစ်ချက် ဖြည့်လိုက်ဦး တစ်ပြည့်စုံပြီး နှစ်ကလေးထည့်လိုက်ဦး ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကိုယ့်အကျိုးပြီးအောင်လုပ်ပါ

တစ်ပြည့်စုံပြီ ဆိုတာလည်း ဆရာက အာပေါက်အောင် ပြောလို့. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

နှစ်-ကိုယ်တိုင်ကျတော့ကို ဝွကျနေ၊ ဒီဉာဏ်မထည့်နိုင်ဘူး၊ နှစ်ကို တစ်ခါလိုနေတာဗျ. . . (မှန်ပါ့)။

တစ်အတွက်ကတော့ အင်း. . . ဆရာ တာဝန်ယူသွားပြီ၊ နှစ်အတွက် ကိုယ့်တာဝန်ကျပြန်တော့ ကိုမြစိန်တို့လူစုက ဝွကျနေတယ်. . . (မှန်ပါ့)။

ခုဟာ တစ်က ဘယ်သူ့တာဝန်တုံး. . . (ဆရာ့တာဝန်ပါဘုရား)၊ နှစ်က ဘယ်သူ့တာဝန်တုံး. . . (ကိုယ့်တာဝန်ပါဘုရား)။

အဲတော့ သူ့တာဝန်၊ ကိုယ့်တာဝန် ရှိနေတဲ့အနက်က ကိုယ့်တာဝန်က မကျေလို့ရှိရင်ဖြင့် ဒါ ကိုယ့်အကျိုး မပြီးရုံပဲ ရှိမယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် ကိုယ့်အကျိုးပြီးအောင်လုပ်ပါ. . . (မှန်ပါ့)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကဲ နက်ဖြန်မှ ဟောကြစို့။

သာဓု. . . သာဓု. . . သာဓု။